www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် -

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာဖုံပုံနှိပ်တိုက်)

မျက်နှာဖုံးဒီဇိုင်း - ရဲဝင့်ကျော် (ခ) ရဲလေး

ပုံနှိပ်ခြင်း - ပထမအကြိမ်၊
မတ်လ၊ ၂၀၁၂ ခုနှစ်၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

၈၉၅.၈၃

လူနေ

ရွှေပင်းမောလ်/ လူနေ။
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။
(၂၂၁) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) ရွှေပင်းမောလ်

အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ

| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းနိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၉။ | ငှက်စိုးတွန်ချိန် | သတိုးစော |
| ၂၀။ | စောင့်နေသူ | သတိုးစော |
| ၂၁။ | ညဦးနက်သန်းခေါင်ချေးတစ်ဟောင် | သတိုးစော |
| ၂၂။ | ခွဲလမ်းခြင်းခရီးသည် | သတိုးစော |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရွာ | လူနေ |
| ၂၅။ | ညည်းတွားရှိုက်တဲ့ ဖုံသံ | သတိုးစော |
| ၂၆။ | ဦးရှင်ကြီး | ဒီဗွကျော်စွာ |
| ၂၇။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၈။ | ခေးရယ် | လူနေ |
| ၂၉။ | ကလေးအတွေး Essay | မင်းနိုက်စိုးစန် |
| ၃၀။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီဗွကျော်စွာ |
| ၃၁။ | ဘာဆိုလားပဲ | လူနေ |
| ၃၂။ | ခေါင်းညိမ့်ပြေးတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၃။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၄။ | စည္ဆုန်ရာကကြမ္မာဆိုး | သတိုးစော |
| ၃၅။ | 25 | လူနေ |
| ၃၆။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၃၇။ | နှင်းဆီရောင်မုန်တိုင်း | ဝေမှူးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှူးသွင် |
| ၃၉။ | မိုနိုပိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒဏ္ဍကျော်စွာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | အချိုမြစ် | လူနေ |
| ၄၃။ | နတ်သမီးအဆောင် | လူနေ |
| ၄၄။ | ဝိဘတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၅။ | ဘုတာကြီး | လူနေ |
| ၄၆။ | သက်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၇။ | ရွယ်နီဆင်ရိုင်း | သတိုးစော |
| ၄၈။ | နဂါးခံတွင်းခရီးသည် | ဒဏ္ဍကျော်စွာ |
| ၄၉။ | တတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ၅၀။ | ပါဆယ် | လူနေ |
| ၅၁။ | ငေါင်း... ငေါင်း... ခြေတစ်ချောင်း | သတိုးစော |
| ၅၂။ | မနောဟရီ | ဒဿကျော်စွာ |
| ၅၃။ | သရဲကျမ်း | ဒဿကျော်စွာ |
| ၅၄။ | မိန်းမရှာရှာ | လူနေ |
| ၅၅။ | ခြေကလိမ်မ မယ်ကာကာ | ဒဿကျော်စွာ |
| ၅၆။ | သမီးရည်းစားအတိတ်ဘာ | လူနေ |
| ၅၇။ | မြို့တစ်မြို့ | လူနေ |
| ၅၈။ | သန်းခေါင်ယံညည်းသံ | ဒဿကျော်စွာ |
| ၅၉။ | ဘိသိုဆိုကော | လူနေ |
| ၆၀။ | သွေးနီမိတ်ကျောက်တိုင် | ဒဿကျော်စွာ |
| ၆၁။ | တဏှာသိုလ် ၆ ခု | လူနေ |
| ၆၂။ | နေ့/ည ၂၄ နာရီကမ်း | လူနေ/မျှားသု |
| ၆၃။ | မြေကြမ်း | ဒဿကျော်စွာ |
| ၆၄။ | ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း | သတိုးစော |
| ၆၅။ | ကျားနိုင်ဝိဇ္ဇာ | ဒဏ္ဍကျော်စွာ |
| ၆၆။ | ရွှေစတိုရီ | မင်းလူ၊ လူနေ၊ မိုးစက်ဝိုင်၊ မျှားသု |
| ၆၇။ | ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ | မင်းနိုက်စိုးစန် |
| ၆၈။ | ရည်းစားထားတဲ့ဂိမ်း | လူနေ |
| ၆၉။ | နှစ်နှစ်ပေါင်းကောင်းကင် | မင်းနိုက်စိုးစန်၊ မျှားသု |
| ၇၀။ | ဆုတောင်းပြည့်မြေဆိပ် | သတိုးစော |
| ၇၁။ | တမလွန်ချစ်သူ | သတိုးစော |
| ၇၂။ | ရှုံ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ | မျှားသု |
| ၇၃။ | ပဉ္စရူပနှင့်တွေ့ဆုံခြင်း | သစ္စာ |
| ၇၄။ | တောက်တဲ့ကိုးကြိမ် | သတိုးစော |
| ၇၅။ | သုံးဘဝမောင်နှမ | ဒဿကျော်စွာ |
| ၇၆။ | အတု | မျှားသု |
| ၇၇။ | သုံးရာသီသစ်ပင် | လူနေ၊ မိုးစက်ဝိုင်၊ သည်ခေတ်နေ |
| ၇၈။ | ကျွန်တော်နှင့် ပွားဖက်တော် | သည်ခေတ်နေ |
| *၇၉။* | *ရွှေပင်းမောလ်* | *လူနေ* |

*ဆက်လက်ထွက်ရှိမည့်စာအုပ်များ*

| | | |
|---|---|---|
| ၈၀။ | ဖုံသံထဲက မသိကိန်း | မျှားသု |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

BURMESE CLASSIC .com

ဂျူ

# ရှော့ပင်းမောလ်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"တီ . . . တီ . . . တီ . . . တီ"

နှိုးစက်သံကြောင့် အိပ်ရာပေါ်မှ မထချင်သေးဘဲ ပေပြီး အိပ်နေလိုက်သည်။

"တီ . . . တီ . . . တီ . . . တီ"

မျက်နှာကို ခေါင်းအုံးမှာ အပ်ထားရင်း နှိုးစက်ရှိရာနေရာသို့ လက်ကို လှမ်းလိုက်သည်။ မတွေ့ရသောကြောင့် ဘေးဘက်ကို လျှောက်စမ်းကြည့်သည်။

နှိုးစက်ကို မတွေ့ရချေ။

ထို့ကြောင့် မျက်နှာကို ခေါင်းအုံးမှခွာပြီး အိပ်မှုန်စုံမွှားနှင့် ထကြည့်ရသည်။

နှိုးစက်နာရီက သူထားသည့် နေရာမှာ မဟုတ်တော့ဘဲ အဝေးကို ရောက်နေသည်။ သူ့အမေ ရွှေ့ထားခဲ့ပုံရသည်။

မခံမရပ်နိုင်အောင် တတီတီအော်နေသော နှိုးစက်ကို ပိတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အိပ်ရာပေါ်မှ မထချင်ဘဲ ထကာ ပိတ်လိုက်ရသည်။

ပြီးနောက် ပြန်အိပ်ဖို့ပြင်စဉ် နှီးစက်ဘေးတွင် တင်ထားသော စာတစ်စောင်ကို တွေ့ရသည်။

သား. . .

အမေနဲ့ အဖေ မနက်ငါးနာရီကားနဲ့ ခရီးသွားပြီ။ သား အိပ်ရေးပျက်မှာစိုးလို့ မနှိုးဘဲ စာရေးထားခဲ့တယ်။

အမေတို့ အချိန်မရလို့ အိမ်မှာ ဘာမှ မဝယ်ထားခဲ့ရဘူး။ Shopping ထွက်ပြီး အိမ်က လိုတဲ့ပစ္စည်းတွေ ဝယ်ထားလိုက်ပါ။ သားအံဆွဲထဲမှာ ပိုက်ဆံထားခဲ့တယ်။

အမေတို့ ငါးရက်လောက်ကြာမယ်။

မေမေ

ညကတည်းက ဒီမနက် ခရီးသွားမယ်ပြောထားတာကို အခုမှပဲ သတိရသည်။ စိတ်ထဲမှာ ချက်ချင်းပဲ လန်းသွားပြီး 'ဟေး. . .'ဟု အော်မိသည်။

အိပ်ချင်စိတ်ပင် ပျောက်သွားပြီး အောက်ထပ်ကို ပြေးဆင်းလိုက်သည်။ အဖေနှင့် အမေက မကြာခဏဆိုသလို ခရီးထွက်တတ်သောကြောင့် ဒီအချိန်တွေက သူ့အတွက် လွတ်လပ်ချိန်တွေ ဖြစ်နေတတ်သည်။



အဖေ၊ အမေနှင့် သူအပါအဝင် သုံးယောက်ပဲ ရှိသောကြောင့် အဖေ၊ အမေ မရှိသောအခါ အိမ်က တိတ်ဆိတ်နေသည်။

ရေခဲသေတ္တာ ဖွင့်ကြည့်လိုက်သည်။

ဘာမှမရှိ၊ ပြောင်သလင်းခါနေသည်။

ဩော်. . . မေ့လို့၊ အမေက ငါ့ကို Shopping ထွက်ခိုင်းခဲ့တာပဲ။ စားပွဲပေါ်က အုပ်ဆောင်းကို ဖွင့်လိုက်သည်။

သူ့အတွက် မနက်စာကိုတော့ အမေက စီစဉ်ပေးသွားသေးသည်။ ထိုအခါမှပဲ မျက်နှာသစ်၊ သွားတိုက်ရန် သတိရပြီး အပေါ်ထပ် အိပ်ခန်းထဲကို ပြန်သွားပြီး ခပ်မြန်မြန်လုပ်ရသည်။

ရေချိုးခန်းထဲက ထွက်တော့ အမေက ပိုက်ဆံ ထည့်ပေးထားသည်ဆိုတဲ့ အံဆွဲကို ဖွင့်ကာ ပိုက်ဆံကို စစ်ကြည့်သည်။ မျှော်မှန်းထားသည်ထက် နည်းနည်း များနေသောကြောင့် ကျေနပ်သွားပြီး စားပွဲပေါ်ရှိ ပိုက်ဆံအိတ်ကိုယူကာ ပိုက်ဆံကိုထည့်လိုက်သည်။

ပိုက်ဆံအိတ်ယူစဉ် ပိုက်ဆံအိတ်ဘေးမှာရှိသော ဖုန်းက မီးလင်းနေသည်ကို တွေ့ရသည်။

ညက Message တွေဝင်တာဖြစ်မည်။

ဖုန်းကို ဖွင့်ပြီးကြည့်လိုက်သည်။ Message ၃ စောင်ဝင်ကြောင်း ပြနေသည်။ တစ်စောင်က 'ဝေဝေခိုင်'ဆီမှ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟေး. . . ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ၊ ဘယ်ရောက်နေတာလဲ။ ဖုန်းပြန်ခေါ် . . . ။

လက်က ခလုတ်တချို့ဆီသို့ ခပ်သွက်သွက်လေး နှိပ်လိုက်ပြီး နောက်ထပ် Message တစ်ခုကို ဖွင့်လိုက်သည်။

နောက်တစ်စောင်က 'နီလာဆွေ'ဆီမှ ဖြစ်သည်။

သတိရလို့ ဖုန်းဆက်တာကို ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ။ မနက်ဖြန် အပြင်သွားစရာရှိလို့ လိုက်ခဲ့ပါလား။

ညဘက်ဆိုရင် သူက ဖုန်းကို Silent (အသံတိတ်)လုပ်ထားတတ်သောကြောင့် ဖုန်းသံမကြားခြင်းဖြစ်သည်။

ဒါပေမယ့် ကိစ္စမရှိ။ ထို 'နီလာဆွေ' မက်ဆေ့ (Message)ကို ပိတ်လိုက်သည်။

နောက်တစ်စောင်ကို ဖွင့်ကြည့်လိုက်သည်။

ဒီတစ်ခါတော့ သူငယ်ချင်း သော်ဇင်၏ Message ဖြစ်သည်။



မိုးတိမ်

ဒီနေ့သွားဖို့ ကိစ္စရှိတာကို မမေ့နဲ့နော်။ မင်းက မေ့တတ် လွန်းလို့ သတိပေးထားတာ။

ဖုန်းကို ပြန်ပိတ်လိုက်ပြီး မနက်စာစားရန်အတွက် အိမ်အောက်ထပ်ကို ပြေးဆင်းလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၂)

သော်ဇင်နဲ့ တွေ့တော့ နေ့ခင်းလောက် ဖြစ်နေပြီဖြစ်သည်။

"မိုးတိမ် ကြာလိုက်တာကွာ"

ဆိုင်ထဲသို့ဝင်လာသော သူ့ကို ကောင်းကောင်းကြီး အပြစ်တင်တော့သည်။ မိုးတိမ်ကလည်း မသိချင်ယောင်ဆောင်ပြီး-

"ဝမ်းတီးဟေ့"

"မင်းကွာ... ငါထိုင်စောင့်နေတာ တစ်နာရီလောက်ရှိပြီ၊ ဖုန်းဆက်တော့လည်း မင်းက မကိုင်ဘူး"

"အေး... Silent လုပ်ထားလို့"

လက်ဖက်ရည် တစ်ငုံသောက်ပြီး ရှေ့က မုန့်ကို လှမ်းယူကာ တစ်ဖဲ့ ဖဲ့လိုက်သည်။

"မင်းက ဒီလောက်တောင် အရေးကြီးနေတာ ဘာကိစ္စလဲ။ အိမ်မှာ ငါ့အမေမရှိလို့ ဈေးသွားဝယ်ဖို့ ထွက်လာရင်း မင်းဆီ



အရင်ဝင်လာတာ"

"အမယ်လေး တော်သေးတာပေါ့၊ မင်းကို ငါ တစ်နေ့က ပြောထားတာလေ၊ မင်းမေ့သွားပြီးလား ကွတ်"

သော်ဇင့်ပုံစံကြောင့် မိုးတိမ်မှာ ဇဝေဇဝါဖြစ်သွားပြီး ဘာများပါလိမ့်ဆိုပြီး ပြန်စဉ်းစားနေရသည်။

တကယ်လည်း သူ မမှတ်မိချေ။ ထင်ရာတစ်ခု နှစ်ခုတော့ ပြောကြည့်သည်။

"ပိုက်ဆံချေးဖို့လား"

"မဟုတ်ဘူး"

"မင်းမွေးနေ့ ရှိလို့လား"

"ဟာ..."

"ဒါဆို... မင်းညီမတစ်ဝမ်းကွဲလေးကာပဲ ငါ့ကို..."

မဟုတ်သည့်အဆုံး ပေါက်ကရပြောချလိုက်သည်။

"ဟော့ကောင် တစ်ခုမှမဟုတ်ဘူးကွ"

"အဲ့ဒါဆို ဘာလဲ"

ထိုသို့မေးလိုက်တော့ သော်ဇင့်မျက်နှာက ပြောင်းသွားသည်။ ပြောဖို့ တွန့်နေသည့် ပုံစံဖြစ်သည်။ ခဏနေမှ-

"ငါ... နွယ်မွန်ကို လမ်းခွဲစကားပြောမလို့"

"ဟင်... မင်း နွယ်မွန်ကို လမ်းခွဲတော့မလို့၊ ဟုတ်လား၊ ဘာ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com



သူနည်းနည်းတော့ အံ့သြသွားပါသည်။ ‘နွယ်မွန်’က ‘သော်ဇင်’ တို အရမ်းချစ်တာ သူသိသည်။ ပြီးခဲ့တဲ့ တစ်ပတ်ကပဲ တွဲသွားတွဲလာ ရှိသေးသည်။

“ပြဿနာအကြီးအကျယ် ဖြစ်လို့လား”

သော်ဇင်က ခေါင်းခါသည်။

“မင်းစိတ်ဆိုးစရာ တစ်ခုခု သူဘာလုပ်ထားလို့လဲ”

“မဟုတ်ဘူး”

“ဒါဆို မင်းက သူ့ကို ဘာဖြစ်လို့ လမ်းခွဲချင်ရတာလဲ”

“ငါ. . . ငါ”

ပြောရင်းရပ်သွားသည်။ စိတ်မကောင်းဖြစ်နေသည့် ပုံစံကြောင့် မိုးတိမ်က စကားဆက်မေးရသည်။

“ဘာ. . . ဘာဖြစ်လို့လဲကွ”

“ငါ. . . ကောင်မလေးတစ်ယောက်နဲ့ ကြိုက်နေလို့”

“ဟင်. . . ဘယ်တုန်းက ကြိုက်နေတာလဲ၊ ငါလည်း မသိ ပါလား”

“ပြီးခဲ့တဲ့ အပတ်ကပဲ၊ မင်းသင်တန်းမှာ စာမေးပွဲရှိလို့ ငါနဲ့ တွေ့ဖြစ်တဲ့ အချိန်တွေမှာ ဖြစ်ကြတာပဲ”

ထိုသို့ပြောပြီး သော်ဇင် ခေါင်းငိုက်စိုက်ကျသွားတာကို ကြည့် ပြီး မိုးတိမ်မှာ တအံ့တသြဖြစ်နေသည်။

“မင်း. . . မင်း. . . နွယ်မွန်ကို ရက်စက်ရာ မကျဘူးလား။



သူက. . . ဘာမှ အပြစ်မလုပ်ဘဲနဲ့ကွာ”

“ငါ. . . ဒီကောင်မလေးကို ပိုချစ်သွားတယ်”

သော်ဇင် ကောင်မလေးတွေ တော်တော်များများ တွဲဖူးတာကို သူသိသောကြောင့် ဆက်ပြောနေလည်း ထူးတော့မှာမဟုတ်တော့။ သူ့ ခံစားချက်နဲ့သူဆိုတော့ ဒီအတိုင်းထားလိုက်ရန် မိုးတိမ် ဆုံးဖြတ် လိုက်သည်။

“အဲ့ဒီတော့. . . ငါက ဘာလုပ်ပေးရမှာလဲ”

“မင်း. . . နွယ်မွန်ဆီသွားပြီး ငါရေးထားတဲ့စာလေး သွားပေး ပေးပါလားကွာ”

“ဟာ. . . ”

ခေါင်းကုတ်လိုက်သည်။

ထိုသို့ ကိစ္စမျိုးတွေဆိုရင် သူလိုက်လုပ်မပေးချင်။

“လုပ်ပါကွာ. . . မင်းတစ်ယောက်ပဲ အားကိုးစရာရှိတာပါ”

“သူ့ဆီ အီးမေးလ်ပို့ပြီး ပြောလိုက်ပေါ့၊ ဒါမှမဟုတ် ဖုန်းဆက် လိုက်ပေါ့”

“ငါ. . . အဲ့ဒီလိုတော့ မလုပ်ချင်ဘူးကွ”

သော်ဇင်က သူ့ကို မျက်နှာငယ်လေးနဲ့ ကြည့်နေသည်။

သူ့ဘက်က အမှားလုပ်ထားတာဆိုတော့ ဘယ်ရင်ဆိုင်ရဲပါ့ မလဲ။ ပြီးတော့ ‘နွယ်မွန်’ ဘာပြောမလဲ ဆိုတာကိုလည်း သူက သိချင်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် သော်ဇင်ရဲ့ 'အဆက်ဖြတ်တဲ့စာ'ကို သွားပို့ပေးရန် သဘောတူလိုက်ရတော့သည်။



(၃)

နွယ်မွန်နဲ့ တွေ့ပြီး ပြန်ထွက်လာတော့ ည ၇ နာရီပင်ရှိပြီဖြစ်သည်။ သော်ဇင့်စာကို ဖတ်ပြီး နွယ်မွန်က ငိုလည်းငို ဒေါသလည်းထွက်နေသောကြောင့် ချက်ချင်းပြန်၍ မဖြစ်သေးဘဲ နည်းနည်းချော့ဖျောင်းဖျနေရသောကြောင့် ကြာသွားသည်။

နောက်ဆုံး မကျေနပ်သေး၍ သော်ဇင့်ကိုလိုက်ရှာပြီး ပြဿနာရှင်းမည်ဟု ဆိုသောကြောင့် သူကပါ နွယ်မွန်နဲ့အတူ သော်ဇင့်ကိုလိုက်ရှာပေးရပြန်သည်။

သော်ဇင်ကလည်း နပ်သည်။ အိမ်မှာလည်း မရှိ။ ထိုင်တတ်သည့် နေရာတွေမှာလည်းမတွေ့။ ဖုန်းကလည်း ပိတ်ထားသည်။

ထိုသို့သောကြောင့် 'နွယ်မွန်'မှာ ပို၍ စိတ်နာကြည်းကာ ပြောချင်တာတွေပြောတာကို ထိုင်နားထောင်နေရပြန်သည်။ ထို့ကြောင့် မိုးချုပ်သွားရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်မွန့်ဆီက ပြန်မှသာ နီးစပ်ရာ Shopping Mall တစ်ခုကို ဝင်ရသည်။ သူ မရောက်ဖူးသည့် Shopping Mall တစ်ခုလည်း ဖြစ်သည်။

■



Shopping Mall ရှေ့ရောက်တော့ ည 7: 30 ရှိနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

လွယ်ထားတဲ့အိတ် မပါသောကြောင့် စစ်ဆေးရေးဂိတ်မှ အလွယ်တကူ ဖြတ်ဝင်လိုက်သည်။

ဝင်ပေါက်ရှိ သတိပေးစာသားကို အမှတ်မထင် ကြည့်မိလိုက်သည်။

| |
|---|
| Shopping Mall ဖွင့်ချိန် |
| 9 : 00 A.M - 9 : 00 P.M |

အချိန်နည်းနည်းရသေးသောကြောင့် စိတ်သက်သာရာ ရသွားသည်။

မီးရောင်များ ထိန်ထိန်လင်းနေပြီး အရောင်အသွေး စုံလင်စွာ ခင်းထားသော ဆိုင်ခန်းများကလည်း လူ အများကို ဝယ်ချင်အောင် ဆွဲဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



Shopping Mall မှာ မြေညီတပ်မပါ။ လေးထပ်အဆောက်အဦ ဖြစ်သည်။ စက်လှေကားနှင့် ခါတ်လှေ ားပေါင်း မြောက်များစွာ ဖြင့် ကျယ်ဝန်းလှသော Shopping Mall တစ်ခုလည်းဖြစ်သည်။

လူများ စည်ကားနေသည်။

မိုးတိမ်သည် အိတ်ထဲမှ သူ့အမေရေးယားေ ဝယ်စရာ စာရင်းစာရွက်ကို ထုတ်လိုက်သည်။

ပစ္စည်းတော်တော်များများက Mart ထဲတွင် ဝယ်ရမည့် မီးဖို ချောင်သုံးပစ္စည်းနှင့် စားစရာများဖြစ်ပြီး တစ်ခုနှစ်ခုသာ အသုံး အဆောင်ပစ္စည်းဖြစ်သည်။

ဒါနဲ့ ဟိုဟိုဒီဒီကြည့်မိရာ မလှမ်းမကမ်းတွင် Shopping Mall မြေပုံထောင်ထားသည်ကို တွေ့ရသောကြောင့် အနားကပ်ပြီး သေချာကြည့်မိသည်။

မြေပုံမှာ နှစ်ခုဖြစ်နေပြီး တစ်ခုမှာ ဆိုင်ခန်းအသေးစိတ် ရေး ထားပြီး နောက်တစ်ခု မြေပုံကတော့ ရိုးရှင်းလှသော လမ်းညွှန် မြေပုံဖြစ်သည်။

| |
|---|
| ကလေးကစားကွင်း၊ ကွန်ပျူတာပစ္စည်းများ |
| အိမ်ဆောက်ပစ္စည်းနှင့် စားသောက်ဆိုင်များ |
| Electronic၊ Funiture၊ စာအုပ်နှင့် အခြား |



| |
|---|
| အဝတ်အထည်၊ အမျိုးသမီး အသုံးအဆောင်နှင့် Fancy ပစ္စည်းများ |
| အဝတ်အထည်၊ ဖိနပ်၊ လက်ဝတ်ရတနာနှင့် Mart |

www.burmeseclassic.com

www.burmeseclassic.com



သူသွားရမည့် Mart သည် သူရောက်နေသည့် အောက်ဆုံးထပ်မှာပဲ ဖြစ်သည်။

ဈေးဝယ်ပြီးပါက အထုပ်များကိုင်ပြီး လျှောက်ကြည့်နေရမှာ စိုးသောကြောင့် Shopping Mall ထဲ လိုက်ကြည့်ပြီးမှ အမေ မှာလိုက်သည့် ပစ္စည်းများကိုဝင်ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

■



(၅)

ပထမထပ်ကို စက်လှေကားနဲ့ တက်တက်ချင်း Big Men Collection ဆိုတဲ့ဆိုင်ကို တွေ့ရသည်။

သူအရင်သွားနေတဲ့ Shopping Mall က ဆိုင်ခွဲဖြစ်သောကြောင့် ဟိုကြည့် ဒီကြည့် ဝင်ကြည့်ဖြစ်သည်။

Big Men Collection

အမျိုးအစားစုံပြီး ဂျင်းဘောင်းဘီ ပုံစံဆန်းတချို့ကိုလည်း တွေ့ရသည်။

ဈေးကို ကြည့်ပြီး တွန့်သွားသောကြောင့် ပြန်ချထားလိုက်သည်။ ဆိုင်ထဲက ပြန်အထွက်တွင် ဆိုင်အဝကောင်တာ၌ အရုပ်ကလေးတစ်ရုပ်ကို တွေ့ရသည်။ ဂျပန်မိန်းကလေးတစ်ယောက် ရပ်နေပုံဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





စိတ်ဝင်စားသောကြောင့် စပ်စုကြည့်မိသည်။

"ဘာ အရုပ်လေးလဲဗျ"

"မသိဘူး . . . Shopping Mall ပိုင်ရှင်က လာပေးသွားတာပဲ။ ရောင်းကောင်းအောင်လို့ ထင်ပါတယ်။ မကြာခဏဆိုသလို အရုပ်လေးတွေ ပေးတတ်တယ်လေ၊ အဲ့ဒါကြောင့် တင်ထားတာ"

"သြော် . ."

အရုပ်ကို ကိုင်ကြည့်ပြီး ပြန်ချထားလိုက်သည်။

ထို့နောက် ဆိုင်ထဲက ထွက်လာပြီး မျက်နှာစောင်းထိုးတွင်ရှိသော ဖုန်းအရောင်းဆိုင်လေးသို့ ခြေလှမ်းက ရောက်သွားသည်။

People Need



ဆိုင်းဘုတ်ကိုကြည့်ရင်း ဆိုင်ထဲသို့ ဝင်လိုက်သည်။ ကောင်မလေးတစ်ယောက်ရောက်လာပြီး-

"ဘာအလိုရှိလဲ အစ်ကို"

"သြော် . . . ဟိုကြည့် ဒီကြည့်ပါပဲ"

ဟု ပြောပြီး သူ့ဖုန်းနှင့် ပုံစံတူ ဖုန်းအမျိုးအစားများကို ကြည့်နေလိုက်သည်။

တစ်ခုနှစ်ခုကိုတော့ ဈေးမေးကြည့်လိုက်သည်။ ဈေးကတော့ ပုံမှန်ပဲ ဖြစ်သည်။

သို့သော် ဖုန်းရှိ Function များအကြောင်းကို သေချာရှင်းပြနေ၍ မနည်းနားထောင်ပြီးမှ ဆိုင်ထဲက ပြန်ထွက်ခဲ့ရသည်။

ဆိုင်က ထွက်ခါနီး ဘာရယ်မဟုတ် ကောင်တာကို ကြည့်မိသည်။ Big Men ဆိုင်မှာ တွေ့ရတဲ့ အရုပ်မျိုး မရှိတာကြောင့် မေးမိသည်။

"အရုပ်လည်း မတင်ထားပါလားဗျ"

Shopping Mall ပိုင်ရှင်က ပေးထားလျက်နဲ့ မတင်ထားတာလားဟု မေးလိုက်သည်။

"ဟင် . . . ဘာအရုပ်လဲ အစ်ကို"

"ဟို ဘက်ဆိုင်ကလို Shopping Mall ပိုင်ရှင်က မပေးဘူးလား"

"မပေးပါဘူး"

သူ့ကို အူကြောင်ကြောင်လို့ ထင်သွားပုံရသည်။

ဒါနဲ့ သူလည်း ဆက်မပြောတော့ပဲ People Need ဖုန်းဆိုင်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့လိုက်သည်။

ဆိုင်ခန်းတွေက များနေသောကြောင့် ဆိုင်တိုင်းကို မဝင်ဖြစ်ဘဲ အပြင်ကပဲ လိုက်ကြည့်လိုက်သည်။

ခဏအကြာ ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် အထဲက ပစ္စည်းများကို ငေးကြည့်ရင်း အမှတ်မထင်ဘဲ ကောင်တာကို ကြည့်မိလိုက်သည်။

"ဟင်. . . ဒီဆိုင်က ကောင်တာမှာလည်း အရုပ်ကလေး တစ်ရုပ်ပါလား"

အရုပ်ကလေး တစ်ရုပ်ကို တွေ့လိုက်ရသောကြောင့် ရပ်ကြည့်မိသည်။

ဒီတစ်ခါ အရုပ်ကတော့ Big Men ဆိုင်က အရုပ်နဲ့ အမျိုးအစားတူပြီး ပုံသဏ္ဌာန်ကွဲပြားနေသည်။

ဒါနဲ့ သူလည်း ကျော်ခဲ့သည့် ဆိုင်များဘက်ကို ပြန်လျှောက်လိုက်ပြီး ဆိုင်တိုင်းရှိ ကောင်တာများကို ကြည့်မိလိုက်သည်။

ထိုဆိုင်များရှိ ကောင်တာများပေါ်တွင် မည်သည့် အရုပ်မှ တင်ထားထာကို မတွေ့ရချေ။

သူ နည်းနည်းတော့ စိတ်ဝင်စားသွားသည်။

ထို့နောက် ဒုတိယ အရုပ်တွေ့ရသော အိတ်ဆိုင်ထဲသို့ ဝင်လိုက်သည်။



Thailand Evening

ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီးနောက် ကောင်တာရှေ့သွားရပ်ကာ-

"ဒီအရုပ်က ဒီဆိုင်က အရုပ်လား"

"မဟုတ်ဘူး. . . Shopping Mall ပိုင်ရှင်က လာပေးထားတာ၊ ရောင်းကောင်းအောင်လို့ ပြောတာပဲ"

"ဩော်. . . တစ်လလုံး ထားထားရတာပေါ့"

"မဟုတ်ဘူး၊ ပေးတဲ့ တစ်ရက်ပဲ ထားထားရတာ"

စိတ်ဝင်စားသွားသည်။

ဒါနဲ့ နောက်မေးခွန်းတစ်ခုကို ဆက်မေးလိုက်သည်။

"ဆိုင်အကုန်လုံးကို ပေးတာလား"

"အဲဒါတော့ မသိဘူး"

ကြာလာတော့ ဆိုင်ရှင်က သူ့ပစ္စည်းမဝယ်ဘဲ အမေးအမြန်းထူနေတာကို စိတ်မရှည်ဘဲ ဖြစ်လာပုံရသည်။

ထို့ကြောင့် သူလည်း ဟိုလိုလို ဒီလိုလိုလုပ်ရင်း ဆိုင်ထဲက ပြန်ထွက်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဆိုင်ထဲက ထွက်ထွက်ချင်း နာရီကို ကြည့်လိုက်သည်။ ည (၈) နာရီ ထိုးနေပြီဖြစ်သည်။ အချိန်က မရှိတော့။ အောက်ထပ် ပြန်ဆင်းပြီး ဝယ်စရာရှိသည်များကို မြန်မြန်ဝယ်ရမည်။ အပေါ်ထပ်တွေကိုတော့ နောက်တစ်ခေါက် ကြုံမှပဲ လာကြည့်တော့မည်။

စက်လှေကားဖြင့် အောက်ထပ်ကို ပြန်ဆင်းလိုက်ပြီး အောက်ရောက်သောအခါတွင် ဒုက္ခတစ်ခုနဲ့ ကြုံရပြန်သည်။

အပေါ့သွားချင်လာခြင်းဖြစ်သည်။ နေ့ခင်းက အအေးဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ပြောင်းထိုင်ခဲ့ရသည့်ကိစ္စက အခုမှ အစွမ်းပြနေလေပြီ။

သို့သော် အိမ်သာက ဘယ်နားမှာမှန်း မသိချေ။ ခပ်လှမ်းလှမ်းတွင် Security တစ်ယောက် တွေ့ရသောကြောင့် လှမ်းသွားလိုက်ပြီး-



"အိမ်. . . အိမ်သာ ဘယ်နားမှာလဲ"

တော်တော်လေးကို သွားချင်နေပြီဖြစ်သည်။

"မြေညီထပ်က လွဲလို့ ကျန်တဲ့အထပ်တိုင်းမှာ ရှိတယ်၊ မြေညီထပ် အိမ်သာက ပြင်နေလို့"

"အာ. . . ဒုက္ခပဲ"

ခန္ဓာကိုယ် တွန့်လိမ်ရင်း စက်လှေကားဘက် ပြန်ပြေးရပြန်သည်။ ကျေးဇူးတင်တဲ့ စကားတောင် မပြောခဲ့ရ။

ပထမထပ်ရောက်တော့ 'အိမ်သာက ဘယ်ထောင့်မှာ ရှိတာလဲ'ဆိုတာကို မေးခဲ့ဖို့ သတိမေ့သွားသည်။

ပထမထပ်က အကျယ်ကြီးပဲ ဖြစ်သည်။ မခံနိုင်သည့်အဆုံး နီးစပ်ရာ ဆိုင်တစ်ဆိုင်ရှိ ကောင်တာမှ လူကို မေးလိုက်ရသည်။

"အိမ်သာ ဘယ်ဘက်မှာလဲ"

"ဟိုဘက်ထောင့်မှာ"

လက်ညှိုးညွှန်ပြသည်။

"ကျေး. . . ကျေးဇူး"

မပြေးရုံတမယ် ခပ်သွက်သွက် သွားရသည်။

ထွက်ခါနီး ကောင်တာက အရုပ်ကို လှမ်းကြည့်မိသည်။ ဒီဆိုင်မှာလည်း အရှေ့ကဆိုင်တွေလိုပဲ အရုပ်တစ်ရုပ်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com







(၃)

အပြင်ဘက်ကြွေမှတ်များတွင် လူများပြည့်နေသောကြောင့် နီးစပ်ရာ အိမ်သာအခန်းထဲသို့ လှမ်းဝင်လိုက်ရသည်။ တံခါးကို ချက်ချလိုက်ပြီး ကိစ္စကို အမြန်ရှင်းရသည်။

“ဟူး”

“. . . . . . . . . . . . . . . .”

“. . . . . . . . . . . . . . . .”

“. . . . . . . . . . . . . . . .”

“. . . . . . . . . . . . . . . .”

ပေါ့ပါးသွားသည်။ လေပူများမှုတ်ထုတ်ရင်း ကိုယ့်ကိုကိုယ် သျှနပ်သလိုရှိသွားသည်။

ထိုစဉ် စပီကာများမှ အသံထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြု၍ နားဆင်ပါရှင်. . . မကြာမီအချိန်မှာ Shopping Mall ပိတ်မှာဖြစ်ပါသောကြောင့် ဝယ်ယူသူ Customer များအနေဖြင့် 9 : 00 မတိုင်ခင် ဝယ်ယူပေးကြပါရန် ကြိုတင်အသိပေးအပ်ပါတယ်"

ဒုက္ခပဲ အခုထိ ဘာမှမဝယ်ရသေးဘူး။

စိတ်မောသွားပြီး ဘောင်းဘီဇစ်ကို ခပ်မြန်မြန်ပိတ်လိုက်သည်။ ရေဘားကို အလျှင်စလို ဖိချလိုက်ရာ လက်ချော်သွားပြီး ဟန်ချက်ပျက်သွားကာ အိမ်သာကြွေငုတ်နှင့် ခေါင်းကို ဆောင့်မိသွား၏။

"ခွပ်"

မျက်လုံးများ ပြာဝေသွားပြီး ခန္ဓာကိုယ်က ကိုင်းသွားကာ ဘေးအုတ်နံရံနှင့် ထပ်ထိပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ခဏအကြာတွင် ဘာမှ သတိမရတော့ဘဲ မေ့မျောသွားလေသည်။

■



ည ၉ း ၁၅

www.burmeseclassic.com

www.burmeseclassic.com



(၈)

"ဂျိန်း. . . "

ဆိုင်တစ်ဆိုင်သည် သူ၏ ဘာဂျာ တံခါးကို ဆွဲပိတ်လိုက်သည်။

ထိုဆိုင်ပိတ်ပြီး မကြာခင်မှာဘဲ အခြားဆိုင်များသည်လည်း သူတို့ ဆိုင်တံခါးများကို အသီးသီးပိတ်လိုက်ကြလေသည်။

ကိုးနာရီကျော်နေပြီဖြစ်သည်။

ဆိုင်ရှိလူများကလည်း ဆိုင်ပိတ်ရင်း တစ်ဆိုင်နှင့် တစ်ဆိုင် အချင်းချင်း နှုတ်ဆက်ကာ အိမ်ပြန်ရန်အတွက် ပြင်ဆင်နေကြသည်။

ခပ်လှမ်းလှမ်းရှိ လုံခြုံရေး တစ်ယောက်က အခြားလုံခြုံရေး တစ်ယောက်ကို လှမ်းအော်ပြောလိုက်၏။

"ငါ အောက်ထပ်ကို စစ်လိုက်မယ် မင်း ပထမထပ်ကို စစ်လိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . . အေး"

အပြောခံရသော လုံခြုံရေးက ပထမထပ်ကို စက်လှေကားနှင့် တက်သွားသည်။ ပထမထပ်ရှိ ဆိုင်များ အားလုံးနီးပါး ပိတ်နေပြီ ဖြစ်သည်။

ဝန်ထမ်းများကလည်း အိမ်ပြန်ချိန်ဖြစ်သောကြောင့် တက်ကြွနေကြပြီး ပျော်ရွှင်စွာ နှုတ်ဆက်နေကြသည်။

"ဗျို့. . . . မပြန်သေးဘူးလား"

လုံခြုံရေးကို ဆိုင်တစ်ဆိုင်က နှုတ်ဆက်သည်။

"ပြန်တော့မှာ. . . ပထမထပ်ကို လာစစ်တာ"

"ကျွန်တော်တို့ ပထမထပ်က ဘာမှ စစ်စရာမလိုပါဘူးဗျာ"

ရယ်ရယ်မောမော တစ်ယောက်တစ်ခွန်း ပြောကြရင်း လုံခြုံရေးကို ဝိုင်းစနေကြသည်။ လုံခြုံရေးကလည်း အားလုံးကိုပြန်စရင်း မီးများပိတ်ခဲ့ဖို့၊ ပစ္စည်းများ သေချာစစ်ရန် စသည်ဖြင့် ဝတ္တရားအတိုင်း လိုက်ပြောနေရသည်။

ထို့နောက် အိမ်သာနားသို့ ရောက်သောအခါတွင် အနီးကပ်ဆုံးအခန်းက အခုမှ ဘာဂျာတံခါး ဆွဲပိတ်နေသောကြောင့်-

"ဒီအခန်း နောက်ကျလှချည်လား"ဟု လှမ်းမေးလိုက်သည်။

"ဟုတ်တယ်. . . စာရင်းတွေက မပြီးသေးလို့"

"ဒီနေ့ ရောင်းကောင်းတယ်ထင်တယ်"

"အင်း. . . မနေ့ကထက်တော့ ဒီနေ့ ပိုရောင်းရပါတယ်"



"ကောင်းပါတယ်ဗျာ. . . အဲ့ဒီလိုပဲ ကြားချင်ပါတယ်"

ထိုသို့ နှုတ်ဆက်ပြီး၍ လုံခြုံရေးသည် အိမ်သာထဲ ဝင်စစ်ရန်အတွက် လှမ်းဝင်လိုက်ရာ-

"ကိုတင်စိုး Shopping Mall ရုံးခန်းကို အမြန်ဆုံး ဆက်သွယ်ပါရန် . . . ကိုတင်စိုး. . . Shopping....."

စပီကာမှနေ၍ သူ့နာမည်ထွက်လာသောကြောင့် အိမ်သာထဲသို့ဝင်သော ခြေလှမ်းများ ရပ်တန့်သွားပြီး အပြင်ကို ပြန်ထွက်လိုက်ရသည်။ ထို့နောက် အိမ်သာထဲသို့ တစ်ချက်ငေ့ကြည့်လိုက်ရာ မည်သူမှ မတွေ့သောကြောင့် အိမ်သာတံခါးမကြီးကို လော့ချကာ ပိတ်လိုက်၏။

ဘာကိစ္စပါလိမ့်။

စိတ်ထဲက တွေးရင်း ပထမထပ်ကနေ အပေါ်ဆုံးထပ် ရုံးခန်းသို့ ဓာတ်လှေကားဖြင့် အလျင်အမြန် တက်သွားလိုက်သည်။

အောက်ထပ်တွင် ကျန်ခဲ့သော လုံခြုံရေးသည် သူ၏ လက်ထဲရှိ ဖိုင်ပေါ်တွင် အောက်ပါအတိုင်း ဖြည့်လိုက်၏။

မြေညီထပ်

| | | |
|---|---|---|
| ဆိုင်ခန်းများ | - | ✓ |
| မီးများ | - | ✓ |
| သော့များ | - | ✓ |

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာများ - ✓

ပထမထပ်

ဆိုင်ခန်းများ - ✓

မီးများ - ✓

သော့များ - ✓

အိမ်သာများ - ✓

ထို့နောက် လုံခြုံရေးသည် ထိုဖိုင်တွဲအား အပေါ်ဆုံးထပ်ရှိ ရုံးခန်းသို့ ပေးပို့ရန်အတွက် ဓာတ်လှေကားဖြင့် တက်သွားလေသည်။

အခြားအထပ် လုံခြုံရေးများသည်လည်း မရှေးမနှောင်း ရောက်လာကာ Report များ တင်ကြလေသည်။

ပြီးနောက် အိမ်ပြန်ရန်အတွက် လက်မှတ်ထိုးပြီးနောက် ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ရုံးခန်းဝရှိ 'ယနေ့ည တာဝန်ကျသူများ'ဘုတ်တွင် မည်သည့်နာမည်မှ မတွေ့ရသောကြောင့် ရေးဖို့မေ့နေခြင်း ဖြစ်မည်ဟု တွေးရင်း အိမ်ကို စောစောပြန်ရောက်ရန် ဓာတ်လှေကားနှင့် အလျင်အမြန် ဆင်းလိုက်လေသည်။

"ဂျိန်း. . ."



တာဝန်ရှိသူ တစ်ဦးက စတုတ္ထအထပ်မှ မီးအားလုံးကို ပိတ်လိုက်လေသည်။

စတုတ္ထထပ်

ထို့နောက်-

တတိယထပ်

တတိယထပ်တစ်ခုလုံး မှောင်မည်းသွားပြန်သည်။

Shopping Mall စပီကာမှလည်း Shopping Mall ပိတ်နေပြီဖြစ်သောကြောင့် မိမိတို့ဆိုင်များကို စစ်ဆေးပြီး ထွက်ခွာပေးကြပါရန် စသည်ဖြင့် သတိပေးသံများကလည်း အဆက်မပြတ်ကြားနေရလေသည်။

ဒုတိယထပ်

ဒုတိယထပ်မှ ဆိုင်ရှိ လူများအားလုံး ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ပထမထပ်သည်လည်း မီးများ ပိတ်သွားပြီ ဖြစ်သည်။

ပထမထပ် [redacted]

နောက်ဆုံးတွင် Shopping Mall အပြင်ဘက်သို့ အားလုံး ရောက်သောအခါတွင် မြေညီထပ်ရှိ မီးများပိတ်လိုက်ကာ တံခါး ကြီးကို ပိတ်လိုက်လေ၏။

Shopping Mall အပြင်ဘက်တွင်သာ မီးများထွန်းထားပြီး အထဲတွင် အမှောင်အတိချလိုက်သည်။

အချိန်မှာ ည ၁၀ နာရီ ရှိပြီ ဖြစ်သည်။

အတွင်းထဲရှိ ဆိုင်များအားလုံး ဘေးပတ်ပတ်လည်က ဘာဂျာ တံခါးများ ပိတ်လိုက်သောကြောင့် Shopping Mall ထဲကို အပြင်က လူများက ဘယ်လိုနည်းနဲ့မှ မမြင်နိုင်တော့ချေ။ ဆိုင်ဝန်ထမ်းများ၊ ရုံးဝန်ထမ်းများအားလုံးသည်လည်း သူ့ထက်ငါ အလုအယက် အိမ် ပြန်ရန်အတွက် ကားဂိတ်များရှိရာသို့ အပြေးအလွှား သွားနေကြ လေသည်။

များမကြာမီ အချိန်တွင် Shopping Mall ကြီးသည် တိတ်ဆိတ် သွားလေ၏။ ကားလမ်းမပေါ်တွင် ဖွင့်ထားသောကြောင့် တစ်ခါ တလေ ကားဖြတ်သွားသော ကားသံမှလွဲ၍ ဘာသံမှ မကြားရချေ။



ကားပေါ်မှ လူများကလည်း Shopping Mall ကို ကြည့်မိမည် ဆိုပါက အပြင်က ထွန်းထားသော မီးရောင်များကိုသာ မြင်ရမည် ဖြစ်ပြီး ဘာဂျာတံခါးများကြောင့် အထဲကို ဘာမှ မမြင်ရသော ဈေးဝယ်စင်တာကြီးသာ တွေ့ရပေလိမ့်မည်။

သို့သော် သေချာကြည့်မည်ဆိုပါကလည်း Shopping Mall ရှေ့တွင် စောင့်လေ့ရှိသော လုံခြုံရေးဝန်ထမ်းများကိုလည်း ယနေ့ည တွေ့ရမည် မဟုတ်ချေ။

■

www.burmeseclassic.com

www.burmeseclassic.com



ည ၁၁ း ၀၀

www.burmeseclassic.com

www.burmeseclassic.com



(၉)

"ကျွတ် . . . ကျွတ်"

ခေါင်းကို လက်တစ်ဖက်နှင့် ဖိကာ လဲနေရာမှ ထရန် ကြိုးစားလိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသောကြောင့် မျက်စိကျင့်သားရအောင် အနည်းငယ် ထိုင်နေလိုက်သည်။

လက်က နာရီကို သတိရပြီး တစ်ချက်ကြည့်လိုက်သည်။

အနုမြူပါသောကြောင့် နာရီက ရှင်းရှင်းလင်းလင်း မြင်ရသည်။

"ဟင် . . ."

ရုတ်တရက် လန့်ပြီး အလူးအလဲ ထလိုက်သည်။

၁၁း၀၀ နာရီထိုးနေပြီ။ ၁၁း၀၀ နာရီ ထိုးနေပြီ။

ဘေးက နံရံများကို သတိထားကိုင်ပြီး တံခါးသော့ရှိရာဘက်သို့ လက်က စမ်းလိုက်သည်။

သူ အိမ်သာထဲမှာ ပိတ်မိနေတာ တော်တော်ကြာပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွေ. . . ဆိုင်တွေ ပိတ်သွားပြီ ထင်တယ်။ ငါ့ကိုရော ဘယ်သူမှ မတွေ့ကြဖူးလား. . .။

ဂျလက်ကို သွားစမ်းမိသည်။

"ဂျောက်. . ."

အပြင်အိမ်သာထဲမှာ မှောင်မည်းနေ၏။ စမ်းတဝါးဝါးဖြင့် လျှောက်သွားနေရင်း မှန်ထဲက ကိုယ့်အရိပ်ကို ပြန်မြင်လိုက်ရသောကြောင့် ရုတ်တရက် လန့်သွားသည်။

ပြီးမှ မိမိကိုယ်ကို ပြန်ပြုံးမိလိုက်ပြီး ဘောင်းဘီအိတ်ထဲမှ ဖုန်းကို သွားစမ်းမိသည်။ ဖုန်း၏ အလင်းရောင်ကြောင့် အိမ်သာခန်းအတွင်း အနည်းငယ်လင်းသွားသည်။ မှန်ထဲတွင် ကိုယ့်မျက်နှာကို ပြန်ကြည့်လိုက်ရာ နဖူး၌ သွေးအနည်းငယ်ထွက်နေတာကို တွေ့ရသည်။

ရေဘားကို ဖွင့်ချလိုက်ပြီး သွေးများကို ဆေးကျောကာ အနီးရှိ Tissue နှင့် သုတ်လိုက်သည်။

ထို့နောက် အိမ်သာခန်းမ တံခါးရှိရာသို့ ဖုန်းမီးဖြင့် တိုးကပ်ကြည့်လိုက်သည်။ အိမ်သာတံခါး ပိတ်ထားတာကို တွေ့ရ၏။

ထိုအခြင်းအရာကို တွေ့လိုက်ရသောကြောင့် မိုးတိမ်မှာ စိတ်ပျက် လက်ပျက် ဖြစ်သွားလေ၏။

ပြီးနောက်မှ တစ်စုံတစ်ခုကို သတိရသွားပြန်သည်။

Security ... Security တော့ ရှိမှာပဲ။



ဝမ်းသာအားရ ဖြစ်သွားပြီး-

"အပြင်မှာ ဘယ်သူရှိလဲ"

"အပြင်မှာ ဘယ်သူရှိလဲ" ဟု လှမ်းအော်လိုက်သည်။

တစ်ဦးတစ်ယောက်မှ ပြန်ထူးသံမကြားရချေ. . .။

တစ်ခုတော့ တွေးမိလိုက်သည်။ ဈေးဝယ်စင်တာက ပိတ်လိုက်ပြီဆိုတော့ အပြင်မှာပဲ Security တွေ ရှိပေလိမ့်မည်။ ဒါဆို သူ အော်တာ ဘယ်ကြားပါ့မလဲ။

ဖုန်းဆက်ပြီး တစ်ယောက်ယောက်ကို အကူအညီ တောင်းရပေမည်။ ဟုတ်တယ်. . . အဲ့ဒါပဲ ကောင်းတယ်။

ဖုန်းကို ကြည့်လိုက်သောအခါ မိုးတိမ်မှာ စိတ်ပျက်သွားပြန်သည်။ ဒီအိမ်သာခန်းထဲမှာ ဖုန်းလိုင်းမမိချေ။

ထိုစဉ် အပြင်ဘက်မှ အမျိုးသမီးများ၏ စကားပြောသံများကို တိုးတိုးလေး ကြားလိုက်ရသည်။

နားကြားလွဲတာများလားဟု ထင်လိုက်မိပြီး သေချာရန်အတွက် တံခါးနားကို ကပ်ကာ နားထောင်လိုက်သည်။

"ဟင်. . ."

သူဝမ်းသာသွားသည်။ မည်သို့ဆိုသော် အမျိုးသမီးများ၏ စကားပြောသံများကို သေသေချာချာ ကြားလိုက်ရသောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com



## (၁၀)

အပြင်ကို လှမ်းအော် အကူအညီတောင်းရန်အတွက် ပြင်လိုက်စဉ်တွင် တစ်စုံတစ်ခုကို သတိရမိလိုက်သည်။

တံခါး. . .

တံခါးမှာ လက်ကိုင်ဘုနှင့် ဖြစ်သောကြောင့် အတွင်းကဖွင့်လို့ရတာဘဲ တွေးမိလိုက်ပြီး လက်ကိုင်ဘုကို ဆွဲလှည့်လိုက်၏။

"ကျွီ. . ."

တံခါးပွင့်သွားပြီး အပြင်က အလင်းရောင်များ ဝင်လာသောကြောင့် မျက်လုံးကို လက်နှင့် ကာထားလိုက်ရသည်။

အပြင်က ဆူညံသံများ၊ စကားပြောသံများ ကြားရသောကြောင့် Shopping Mall များ မပိတ်သေးဘူးလားဟု တွေးထင်လိုက်သည်။

ခဏအကြာ မျက်စိကျင့်သား ရသွားသောအခါတွင် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။



"ဟင်. . ."

Shopping Mall တစ်ခုလုံး မီးများ ထိန်လင်းနေပြီ လူတော်တော်များများ သွားလာနေကြသည်ကို တွေ့လိုက်ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် Shoppong Mall မပိတ်သေးဘူးဆိုတာ သိလိုက်ရသောကြောင့် ဝမ်းသာအားရ ဖြစ်သွားပြီး အိမ်သာထဲကနေ အပြင်ကို ထွက်လိုက်လေသည်။

"ဟာ. . ."

Shopping Mall မြင်ကွင်းသည် တစ်မျိုးဖြစ်နေသည်ဟု ထင်မိသည်။ ထွက်ထွက်ချင်းပဲ ဆိုင်ခန်းတစ်ခန်းမှာ ဈေးဝယ်နေတဲ့ အမျိုးသမီးတစ်ယောက် အသံကို ကြားလိုက်ရသည်။

"သူက ဘယ်လောက်လဲ"

". . . . သိန်း"

"ဈေးကြီးလှချည်လား"

"အပြစ်များလို့ပါ"

"အရင်ဝယ်သွားတဲ့ တစ်ယောက် အခြေအနေရော"

"ဘယ်တစ်ယောက်လဲ မသိဘူး"

အမျိုးသမီးက နာမည်နဲ့ လိပ်စာတစ်ခု ပြောပြသည်။

ထိုအခါမှ ကောင်မလေးက သတိရသွားပြီး-

"ပြီးသွားပါပြီ"

"Report ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်"

"ပြပါဦး"

ထိုစဉ်မှာပဲ အမျိုးသမီးက ရပ်ကြည့်နေသော သူ့ကို မြင်သွားပြီး ထိတ်လန့်သည့်ပုံစံ ဖြစ်သွားကာ ကြက်သေသေသွား၏။ ထို့နောက်မှ သတိရပြီး . . .

"ယောကျ်ားတစ်ယောက် ရောက်နေတယ် . . . ယောကျ်ားတစ်ယောက် ရောက်နေတယ်"ဟု အော်ကြီး ဟစ်ကျယ် လှမ်းအော်လိုက်လေ၏။

မိုးတိမ်မှာလည်း အူကြောင်ကြောင်နဲ့ ကြောင်ပြီး ရပ်ကြည့်နေမိသည်။ ဈေးဝယ်နေသော အမျိုးသမီးများအပြင် အခြားအမျိုးသမီးများပါ သူ့ရှေ့သို့ ဝိုင်းအုံလာကြ၏။

"ကျွန်တော် . . . ကျွန်တော်"

သူတို့ ပုံစံများက ဒေါသထွက်နေကြသည့် ပုံစံများ ဖြစ်သောကြောင့် မိုးတိမ်မှာ စကားဆက်မပြောရဲဘဲ ဖြစ်သွားသည်။

ခဏအကြာတွင် သူ့ရှေ့၌ အမျိုးသမီးကြီးငယ်မရွေး လူအုပ်ကြီးကို တွေ့လိုက်ရသောကြောင့် ဘာပြောလို့ ပြောရမှန်း မသိဘဲ ရပ်ကြည့်နေမိသည်။ ထိုအမျိုးသမီးအုပ်ထဲမှ တစ်ယောက်က-

"ရှင်ဘယ်လိုလုပ် ဝင်လာတာလဲ"

"ကျွန်တော် . . . ရှော့ပင်းမောလ်ထဲမှာ ဈေးလာဝယ်တာပါ"

"ရှော့ပင်းမောလ်က ပိတ်နေပြီလေ၊ ရှင်က ဘာကိစ္စနဲ့ ဒီအထဲ



မှာ ကျန်နေခဲ့ရတာလဲ"

မိုးတိမ်မှာ ဘာပြန်ဖြေလို့ ဖြေရမှန်းမှသိ ဖြစ်နေသည်။

ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ယောကျ်ားဆို၍ တစ်ယောက်မှ မတွေ့ရချေ။

အခြားဆိုင်ခန်းများမှ ဈေးဝယ်နေသော အမျိုးသမီးများအားလုံးသည်လည်း သူရှိရာ နေရာသို့ လာနေကြတာကို တွေ့ရလေသည်။

သူရပ်နေတဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းရှိ ဆိုင်ကို မျက်စိရောက်သွား၏။

"ဟင် . . ."


အကျႌ၊ အဝတ်အစား အသုံးအဆောင်များ ရောင်းချနေသည်ကို မတွေ့ရဘဲ ခေတ်ပုံများကိုသာ တွေ့ရသောကြောင့် အံ့သြသွားလေ၏။

တခြားဆိုင်ခန်းများကိုလည်း လှည့်ပတ်ကြည့်လိုက်သောအခါတွင် နာမည်သာ ပြောင်းသွားပြီး ဆိုင်ပုံစံများကတော့ ထိုပုံစံများအတိုင်းပဲ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com







"မေးနေတယ်လေ"

အမျိုးသမီးတစ်ယောက်ရဲ့ အော်သံကြောင့် မိုးတိမ် လန့်သွားလေသည်။

"ဟို. . . အိမ်သာထဲမှာ လဲကျပြီး မေ့သွားလို့ ပိတ်. . . ပိတ်. . . ပိတ်မိနေတာပါ"

သူ့စကားကို တစ်ယောက်မှ ယုံကြည်ပုံမရချေ။

ရပ်ကြည့်နေသော အမျိုးသမီးများထဲက တစ်ယောက်က ဘေးက တစ်ယောက်ကို တိုးတိုးလေး ကပ်ပြောနေတာကို တွေ့ရသည်။

သူလည်း ထိတ်လန့် အံ့သြစွာနဲ့ပဲ သူ့ကို ရပ်ကြည့်နေသော အမျိုးသမီးများကို တစ်ယောက်ချင်းစီ လိုက်ကြည့်နေမိသည်။

အရွယ်စုံပါဝင်ပြီး ပိုက်ဆံရှိ လူတန်းစားထဲက ဖြစ်ပုံရသည်။ မျက်နှာများမှာ မာကျောနေပြီး ကြောက်စရာပင် ကောင်းနေသည်။

မိုးတိမ်မှာ ဘာကြောင့်မှန်းမသိ ကြက်သီးထသွားပြီး-

"ရှော့ပင်းမောလ်က ပိတ်နေပြီဆိုတော့. . . ဒါ. . . ဒါက ဘာ. . . ဘာလဲဟင်"

မရဲတရဲမေးလိုက်သောကြောင့် အမျိုးသမီးများ၏ မျက်နှာများမှာ အရင်ကထက် ပိုပြီး ကြောက်စရာကောင်းသွားလေ၏။

ထိုစဉ် ခပ်ထွားထွား အမျိုးသမီးနှစ်ယောက်က လူအုပ်ထဲမှ ထွက်လာပြီး သူ့ဘေးနားကပ်ကာ သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်၏။

"ဘာ. . . ဘာ လုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်မှာ မိန်းကလေးများရှေ့တွင် ယခုလို ဖမ်းချုပ်ခံလိုက်ရသောကြောင့် စိတ်ထဲ ဒေါသထွက်သွားသည်။

ချုပ်ထားသော လက်နှစ်ဖက်ကို ပြန်ရုန်းလိုက်၏။

သူ့ခန္ဓာကိုယ်နှင့် ထိုအမျိုးသမီးနှစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ မည်သို့မှ အင်အားမမျှသောကြောင့် သူတို့ ဆွဲခေါ်ရာဘက်ကို ပါသွားလေ၏။

■



(၁၁)

အခန်းတစ်ခန်းထဲသို့ သူ့ကို ထည့်ထားပြီးနောက် အပြင်တံခါးကို သော့ခတ်လိုက်သည်။

မိုးတိမ်သည် အခန်းထဲတွင် ကြောင်တောင်တောင်နှင့် ကျန်ခဲ့လေသည်။ အခုအချိန်ထိ သူ့မှာ နားမလည်သေးချေ။

Shopping Mall ၏ အိမ်သာထဲ ပိတ်မိနေသည်။ Mall ပိတ်ချိန်မှာ ပြန်သတိရလာပြီး အိမ်သာထဲက ပြန်ထွက်အလာတွင် အမျိုးသမီးများ ဈေးဝယ်ကြ (တစ်ခုခုကို ဝယ်နေကြပုံပေါက်သောကြောင့်)သည်ကို တွေ့ရသည်။

ထိုအထဲက အမျိုးသမီးက သူ့ကို တွေ့ပြီး ထအော်သောကြောင့် ကျန်ဈေးဝယ် အမျိုးသမီးများ သူ့အနား ဝိုင်းပြီးရောက်လာကာ သူ ဒီအထဲရောက်နေခြင်းပဲ ဖြစ်သည်။

သူ ဘာအမှားလုပ်ခဲ့လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာထဲကအထွက်မှာ ရှော့ပင်းမောလ် မပိတ်ကြောင်း သိရ၍ ပျော်သလိုဖြစ်သွားသည့်စိတ်များပင် ပျောက်သွားလေသည်။

"ရှော့ပင်းမောလ်က ပိတ်နေပြီရှင့်"

ထိုအထဲက အမျိုးသမီးတစ်ယောက်၏ စကားပြောသံကို ပြန်ကြားယောင်မိသည်။

ရှော့ပင်းမောလ် ပိတ်သွားပြီဆိုတော့ သူတို့က ဘာလုပ်နေကြဘာလဲ။ မိုးတိမ် စိတ်ရှုပ်သွားသည်။

သူ့ဖုန်းကိုလည်း ယူသွားကြသောကြောင့် အပြင်ကိုလည်း ဖုန်းဆက် အကူအညီတောင်း၍ မရချေ။

အော်ဟစ်ပါကလည်း ဘယ်သူမှ ကြားရမည်မဟုတ်။

ထို့ကြောင့် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟုဆိုကာ ရောက်နေသည့်အခန်းကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

"အား. . ."

တစ်စုံတစ်ခုကို ဖိထိုင်ချမိလိုက်သောကြောင့် အလန့်တကြား ပြန်ထမိလိုက်သည်။ သူရောက်နေသည့် နေရာမှာ ပစ္စည်းအစုံကို တွေ့ရသောကြောင့် စတိုခန်းဖြစ်ပုံရသည်။

သူ ထိုင်ချမိလိုက်သည့် အရာကို ကောက်ယူကြည့်လိုက်၏။ ဆရာဝန်သုံး နားကျပ်တစ်ခုဖြစ်နေတာကို တွေ့ရသည်။

■



(၁၂)

"သူ့ကို ဘယ်လိုလုပ်ကြမလဲ"

အမျိုးသမီးတစ်ယောက်အသံကို ကြားလိုက်ရသည်။

ထို့နောက် အခြားအမျိုးသမီးများ၏ အသံများကို တိုးတိုးလေး ကြားနေရပြန်သည်။ နားကျပ်ကို အခြားနေရာရွှေ့ပြီး နားထောင်ကြည့်သည်။

"သူ့ဖုန်းထဲက Message တွေကို ကြည့်ရတာ ကောင်မလေးတွေကို ရက်စက်တဲ့ပုံပဲ"

မိုးတိမ်မှာ နားကျပ်ကို ပြန်ဖြုတ်ထားလိုက်သည်။

ထို့နောက် နံရံကိုမှီပြီး သက်ပြင်းချလိုက်၏။

သူတို့တွေက ဘယ်သူတွေလဲ။

ဘာလုပ်ကြတာလဲ။

စိတ်ဝင်စားမှုနှင့်အတူ စိတ်လှုပ်ရှားမှုတို့က များလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နားတုပ်ကို ပြန်ထောက်ကာ နားထောင်လိုက်ပြန်သည်။

"သူ့ကို သတ်ပစ်လိုက်ရမလား"

"ဟင်. . ."

ကြားလိုက်ရသောစကားကြောင့် ပါးစပ်အဟောင်းသားနဲ့ အထိတ်တလန့်ဖြစ်သွားကာ နောက်သို့ ပက်လက်လှန်သွား၏။

သူတို့တွေသည် မိန်းကလေးတွေမှ ဟုတ်ပါလေစ။

ဘာတွေလဲ။ ဘယ်သူတွေလဲ။

ဇောချွေးပြန်လာသည်။

အခန်းထဲကို ဝင်လာပါက တစ်စုံတစ်ခု ပြုရန်အတွက်လည်း စဉ်းစားထားလိုက်သည်။

အပြင်ကအသံများကို တိုးတိုးလေး ကြားနေရပြန်သည်။

တစ်ခုခုကို အကျိတ်အနယ် ပြောနေပုံရသည်။

ခုနက ခန္ဓာကိုယ်ထွားထွား အမျိုးသမီးကြီးနှစ်ယောက်ကို သတိရပြီး ကြက်သီးထသွားသည်။

သူတို့အားလုံး ပုံစံကိုကြည့်ရသည်မှာ သူ့ကို တစ်ခုခု ဒုက္ခပေးမယ့် ပုံစံပေါက်နေသည်။

ထို့ကြောင့် နီးစပ်ရာ တစ်ခုခုကို လက်ထဲတွင် ကိုင်ထားလိုက်သည်။ အခန်းတံခါးကိုပဲ စူးစိုက် ကြည့်နေလိုက်သည်။

ခဏအကြာတွင်-

"ကျွီ. ."



တံခါး ပွင့်သွားသည်။

ခန္ဓာကိုယ်ခပ်ထွားထွားနှင့် အမျိုးသမီးကြီးနှစ်ယောက် မဟုတ်ဘဲ ခပ်ချောချောကောင်မလေးတစ်ယောက် ဝင်လာသောကြောင့် သူ့လက်မှာ အနည်းငယ်တွန့်သွားသည်။

"ရေဆာနေမှာစိုးလို့ ရေလာပို့တာ"

ရေဘူးကို အခန်းထဲတွင်ချထားပြီး ပြန်ထွက်သွား၏။

မိုးတိမ်မှာ ခဏကြာသည်အထိ စောင့်ကြည့်နေလိုက်သေးသည်။ မည်သည့်အခြေအနေမှ မထူးခြားလာသောကြောင့် လက်ထဲက အရာကို ပြန်ချထားလိုက်ပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

ခပ်လှမ်းလှမ်းတွင် ကောင်မလေးချပေးသွားသော ရေဗူးကို မြင်နေရသည်။

ထိုအခါမှပဲ ရင်တုန်ပြီး စိုးရိမ်စိတ်ကြောင့် ကိုယ့်ကိုယ်ကို ရေဆာလာမှန်း သတိထားမိလိုက်သည်။

ထို့ကြောင့် ရေဗူးရှိရာနေရာကို သွားလိုက်ပြီး ရေဗူးကို ဖွင့်ကာ တစ်ကျိုက်ထဲ မော့ချလိုက်သည်။

"အား. . ."

ခေါင်းထဲမှာ မူးဝေသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး လည်ထွက်သွားသည်။

ခန္ဓာကိုယ်ကို အားယူကာ မတ်တတ်ရပ်လိုက်သည်။

သို့သော် ဒယီးဒယိုင်ဖြစ်သွားပြီး ကြမ်းပြင်ပေါ်သို့ လဲကျ

www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ထိုစဉ်မှာပဲ အခန်းတံခါး ပွင့်သွားပြီး အမျိုးသမီးနှစ်ဦး ဝင်လာကာ တစ်ဦးက အခြားတစ်ဦးကို တိုးတိုးလေး ရေရွတ် ပြောဆိုလိုက်လေသည်။

■



ယနေ့ည
အိပ်မက်မှာ တွေ့ကြမယ်
သင် ကြိုက်ရာ ဝတ်စုံဝတ်လာပါ
တစ်ခုခု ယူလာချင်လည်း ရပါတယ်
ဒါပေမယ့်
တွေ့ရင်သာ
သင့်ဘက်က စခေါ်ဖို့ မမေ့ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

"ဒေါက်. . . ဒေါက်"

"အထဲမှာ ဘယ်သူရှိလဲ"

"ဒေါက်. . . ဒေါက်"

"လူရှိလား"

အိမ်သာတံခါးကို လူတစ်ယောက်က အပြင်းအထန် ခေါက်နေ၏။ ခဏကြာသည်အထိ အထဲမှ ပြန်ထူးသံမကြားရသောအခါတွင် ထိုသူသည် Shopping Mall လုံခြုံရေးကို ပြေးခေါ်လိုက်၏။

မကြာမီအချိန်တွင် လုံခြုံရေးများ ရောက်လာကြပြီး အိမ်သာအခန်းတံခါးကို တဒုန်းဒုန်းနဲ့ထုကာ အထဲကို အော်ခေါ်ကြပြန်၏။

နောက်ဆုံး အထဲမှ ပြန်မထူးသောအခါတွင် ပါလာသောသော့ပိုဖြင့် အိမ်သာတံခါးကို ဖွင့်လိုက်သည်။

"ဟင်. . ."

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ လူတစ်ယောက် မေ့မျောနေသည်ကို တွေ့ရသည်။ အချိန်မှာ နံနက် ၉း၁၀ မိနစ် ရှိပြီဖြစ်သည်။

■



(၁၄)

သူ ဘယ်လိုရှင်းပြ ရှင်းပြ Shopping Mall က ဝန်ထမ်းများက မယုံကြည်ကြချေ။

ခေါင်းကို ထိခိုက်မိပြီး ပြောချင်ရာ လျှောက်ပြောနေသည်ဟု ထင်လိုက်ကြ၏။

မိုးတိမ်မှာ ခေါင်းအနည်းငယ်ကိုက်နေသော်လည်း ညက အဖြစ်အပျက်များကတော့ တကယ်ဖြစ်ပျက်ခဲ့တာဟု သူ့ကိုယ်သူ ယုံကြည့်သည်။

"မိန်းမတွေ အများကြီးပဲ. . . ပြီးတော့ ဒီတစ်ထပ်လုံးမှာ မီးတွေလင်းပြီး တစ်ခုခုကို အရောင်းအဝယ်လုပ်နေကြတာဗျ"

"Shopping Mall ထဲမှာ မီးတွေလင်းနေတယ် ဟုတ်လား"

"ဟုတ်တယ်"

သူ့စကားကြောင့် ရုံးခန်းထဲမှာရှိသော လူများအားလုံး ငိုင်

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြလေသည်။

ထို့နောက် တာဝန်ရှိသူက-

“ငါတို့က ညဘက်ဆိုရင် ဒီ Shopping Mall တစ်ခုလုံး မီးပိတ်ထား တာကွ”

“ကျွန်တော်တွေ့ခဲ့တာလည်း တကယ်ဗျ”

သူက အပြင်းအထန်ငြင်းတော့ တာဝန်ရှိသူက စိတ်တိုလာပုံ ရသည်။

“ဒီမယ်. . . ကောင်လေး”

သူ ပြန်မထူးဘဲ နေလိုက်သည်။

သူ ပြန်မပြောသောကြောင့် ထိုလူပဲ ဆက်ပြောသည်။

“မင်းပုံစံကြောင့် ငါတို့က မင်းကို ဘာမှမလုပ်တာပါ၊ တကယ် ဆိုရင် မင်းကို Shopping Mall ထဲ ခိုးဝင်မှုနဲ့ တရားစွဲလို့ရတယ်”

“ကျွန်တော်မှ ခိုးမဝင်ဘဲ၊ အိမ်သာထဲမှာ လဲကျသွားတာ”

“ဟုတ်ပါတယ်၊ ယုံပါတယ်၊ ပြီးတော့ ဘယ်ဆိုင်ကမှ ပစ္စည်း မပျောက်တဲ့အတွက် မင်းကို ငါတို့က ယုံပါတယ်”

“ဒါပေမယ့်. . .”

ပြန်ပြောချင်သော်လည်း တိတ်နေလိုက်သည်။

ညက ကိစ္စသည် သူတကယ်ကြုံတွေ့ခဲ့ရသောကိစ္စဖြစ်သည်။

သို့မဟုတ်. . .

သူခေါင်းထိပြီးပဲ ထင်မိထင်ရာ ထင်ခဲ့တာလား။



မဖြစ်နိုင်ဘူး. . .။

သူတကယ် ကြုံခဲ့ရတာပဲ။

တာဝန်ရှိသူက သူ့ကိုဆေးခန်းလိုက်ပို့ရမလားဟု မေးသည်။

သူက ခေါင်းခါလိုက်ပြီး ဝယ်စရာရှိတာဝယ်ပြီး ပြန်မည်ဟု ပြောလိုက်သည်။ ထိုစဉ် တစ်စုံတစ်ခု သတိရသွားပြီး သူ့ဘောင်းဘီ အိတ်ကတ်ထဲကို စမ်းကြည့်လိုက်သည်။

ဖုန်း. . .။ လက်ကိုင်ဖုန်းကို ဘောင်းဘီအိတ်ထဲမှာ တွေ့ရ၏။ ညက သူတို့ယူသွားတဲ့ လက်ကိုင်ဖုန်းက ငါ့အိတ်ထဲ ဘယ်လို ပြန် ရောက်နေတာလဲ။

သူတို့ ပြန်ထည့်ထားပေးသွားတာပဲ ဖြစ်မည်။

“အိမ်ပြန်ရောက်ရင် အနားယူလိုက်ပါဦး။ ညီလေးပုံစံက တစ်မျိုးဖြစ်နေတယ်”

“ဟုတ်ကဲ့”ဟုသာ ပြန်ပြောလိုက်သည်။

တော်ကြာ ဆက်ပြောနေပါက သူ့ပုံစံကို အရူးလို့ ဆက်ထင် နေဦးမည်။ ထို့ကြောင့် ရုံးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

Shopping Mall အောက်ဘက်ကို ရောက်ဖို့အတွက် အထပ် များကို ဖြတ်စဉ် လိုက်ကြည့်မိသည်။

သေချာသည်။ ညက တွေ့ရသည့် ဆိုင်မြင်ကွင်းများသည် ဒီလိုပုံစံမျိုးများ မဟုတ်။ တစ်မျိုးဖြစ်နေသည်။

“ငါများ အထင်မှားတာလား”

www.burmeseclassic.com

www.burmeseclassic.com



တွေးလေ ခေါင်းက ပိုကိုက်လာသောကြောင့် စက်လှေကား များမှတစ်ဆင့် အောက်ထပ်ကိုဆင်းကာ ဝယ်စရာရှိတာများ ဝယ် ပြီးနောက် အိမ်ကို ပြန်လာခဲ့လိုက်သည်။

■



(၁၅)

အိပ်ရာက နိုးလာတော့ စိတ်ထဲမှာ မကျေမနပ် ဖြစ်နေမိသည်။ ခေါင်းက ပြန်ကြည်သွားသောကြောင့် ညကအဖြစ်အပျက်များက ပိုပြီးရှင်းလင်းနေသည်။

အိပ်ရာပေါ်မှထပြီး နေ့လယ်စာအတွက် ကြုံရာစားပြီးနောက် အိမ်ထဲမှာ ဦးတည်ရာမဲ့ လမ်းလျှောက်နေမိသည်။

အိမ်အပြင်ကို ကြည့်လိုက် အထဲပြန်ဝင်လိုက်နှင့် ဖြစ်နေသည်။

TV ကြည့်မလို့ ပြင်ပြီးနောက် မကြည့်ဖြစ်တော့ပဲ ပြန်ပိတ်သွား လိုက်သည်။

"ဟူး. . ."

နာရီကို ကြည့်လိုက်သည်။

ညနေ (၃)နာရီထိုးနေပြီ ဖြစ်သည်။ စားပွဲပေါ်ကဖုန်း မီးလင်းနေတာကို တွေ့ရသောကြောင့် ဖုန်းကို ဖွင့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



Missed Call အချို့ကို တွေ့ရသည်။

သော်ဇင်ဆီမှဖြစ်ပြီး ကျန်တဲ့ဖုန်းများက သူ့အမေ ဆက်ထားတာ ဖြစ်ပုံရသည်။

ဖုန်းကို ပြန်ပိတ်လိုက်ပြီး စားပွဲပေါ် ပြန်တင်လိုက်သည်။

ရေခဲသေတ္တာထဲမှ ရေအေးအေးလေးတစ်ခွက် ယူသောက်ရသည်။ ရင်ထဲအေးသွားသောကြောင့် အနည်းငယ်လန်းသလို ရှိသွားသည်။ ထို့နောက် ထိုင်ခုံပေါ်ထိုင်ချလိုက်ပြီး ညက အဖြစ်အပျက်များ ကို အေးအေးဆေးဆေး ပြန်တွေးနေမိသည်။

သူ့ကိုသူလည်း အာမလိုအားမရ ဖြစ်နေသည်။ တကယ်လို့များ. . .

ဒီည. . .။

ဒီညသာ အဲ့ဒီ Shopping Mall ထဲပြန်ရောက်သွားပြီး စောင့်ကြည့်နိုင်မယ်ဆိုရင်. . .

အထောက်အထားအချို့တော့ ရနိုင်သည်။ ဟုတ်တယ်။ အထောက်အထား ရနိုင်တယ်။

ထိုအခါ အားလုံးကို ပြန်ပြောနိုင်ပြီဖြစ်သည်။

ဒီနေ့လို အရူးတစ်ယောက်လိုမျိုး ကြည့်ခံရခြင်း မရှိနိုင်တော့။

မိုးတိမ်သည် သူ့အတွေးနဲ့သူ ကျေနပ်သွားသည်။

ရှေ့ရှိ ရေဖန်ခွက်ထဲမှ ရေကို တစ်ငုံထပ်သောက်လိုက် ပြန်သည်။ စိတ်လှုပ်ရှားနေလို့လားမသိ ရေက တော်တော်ဆာနေသည်။



သောက်သောက်ပြီးချင်းမှာပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

ယနေ့ည ထို Shopping Mall ထဲသို့ ထပ်ဝင်ကြည့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com


ည ၈ း ၄၅

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ဆိုင်ပိတ်ခါနီးဖြစ်သောကြောင့် Shopping Mall ထဲတွင် လူများပို၍ရှုပ်နေသလို ခံစားရသည်။

Security တစ်ယောက်နှစ်ယောက်နှင့် တွေ့သော်လည်း သူ့ကို မှတ်မိပုံမရသောကြောင့် သူတို့ရှေ့မှ ခပ်တည်တည်နဲ့ ဖြတ်လျှောက် ခဲ့သည်။

ခဏကြာသောအခါ အိမ်သာနားသို့ ရောက်လာပြီး အထဲကို ဝင်ကြည့်လိုက်သည်။ ပြန်ခါနီးဖြစ်သောကြောင့် လူတစ်ယောက်စ နှစ်ယောက်စကို တွေ့ရသည်။

စင်တာပိတ်ခါနီးပြီ ဖြစ်သောကြောင့် ဒီအထဲမှာပဲ ပုန်းနေရစ် ရမည်။ သို့သော် လုံခြုံရေးလာစစ်ပါက မည်သို့လုပ်မည်နည်း။

ထိုအတွေးက ခေါင်းထဲဝင်လာသောကြောင့် စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရင်ကောင်းမလဲ။

ဘယ်လိုလုပ်ရင်ကောင်းမလဲ။

အိမ်သာထဲမဝင်ခင် ထောင့်ချိုးလေး၌ထားထားသော အထုပ် တစ်ထုပ်ကို သတိထားမိလိုက်သည်။

သန့်ရှင်းသော အမှိုက်အိတ် ဖြစ်ပုံရသည်။

ထို့ကြောင့် အပြင်ပြန်ထွက်ပြီး ထိုအမှိုက်အိတ်ရှိရာသို့ လျှောက်ကာ အိမ်သာထဲကို သယ်လာခဲ့၏။

ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသောကြောင့် သူ့ကို ဘယ်သူမှ သတိမထားမိချေ။

အထုပ်ကို လူသိပ်မသိနိုင်သော ထောင့်တစ်နေရာတွင် ချထားလိုက်သည်။

ပြီးနောက် ထိုအိတ်နောက်ဘက်တွင် ဝင်ရောက်ပုန်းနေလိုက်သည်။

ခဏကြာသောအခါတွင် Security တစ်ယောက်၏ အသံကို ကြားရပြီး မကြာခင်တွင် အိမ်သာမီးများ မှိတ်သွားကာ တစ်ခန်းလုံး မှောင်မည်းသွားလေ၏။

■



(၁၇)

ညသည် တိတ်ဆိတ်နေ၏။

အိမ်သာထဲသို့ ရောက်နေသည်မှာ တစ်နာရီကျော်ကျော် ရှိနေပြီဖြစ်သည်။

လက်ကနာရီကို ကြည့်လိုက်၏။ ည (၁၁)နာရီထိုးနေပြီ ဖြစ်သည်။

အိမ်သာတံခါးနားသို့ ဖုန်း၏ အလင်းရောင်ဖြင့် တဖြည်းဖြည်းချင်း ကပ်သွားလိုက်သည်။

ရင်တဒိတ်ဒိတ် ခုန်နေကြောင်း သူ့ကိုယ်သူ သတိထားမိလိုက်၏။

တံခါးနားကပ်ကာ အပြင်ကအသံများကို နားထောင်လိုက်သည်။

ဘာသံမှ မကြားရချေ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်စောနေလို့များလား။

နောက်ထပ်နာရီဝက်တိတိ စောင့်ကြည့်နေသော်လည်း ဘာသံမှ မကြားရသောကြောင့် တံခါးလက်ကိုင်ဘုကို ဖြည်းဖြည်းချင်း လှည့်ကာ ဆွဲဖွင့်လိုက်သည်။

"ဟင်. . ."

မှောင်မည်းနေသော Shopping Mall ကိုသာ တွေ့ရလေသည်။

■



(၁၈)

"မင်းသတိမေ့ပြီး မြင်မိမြင်ရာ မြင်တာပါကွာ"

သော်ဇင်က ဖုန်းဆက်လို့မရသောကြောင့် အိမ်ရောက်လာပြီး သူ့အကြောင်း ပြောပြီးနောက် Shopping Mall ထဲရောက်သွားပုံကို ပြောပြရာ သော်ဇင်က အထက်ပါအတိုင်း မှတ်ချက်ချခြင်းဖြစ်သည်။

သူလည်း အခုအချိန်ထိ ထိုကိစ္စကို ဒွိဟဖြစ်နေသောကြောင့် ဆက်လက်မငြင်းတော့ဘဲ ရပ်ပစ်လိုက်သည်။

"နွယ်မွန်ကတော့ မင်းကို တော်တော်လေး မုန်းသွားပြီ"

ထိုစကားပြောလိုက်တော့ သော်ဇင်က ဘာမှဖြစ်ဟန်မပြဘဲ မိုးတိမ်အခန်းထဲက စာအုပ်များကို လျှောက်ကြည့်နေလေသည်။

မိုးတိမ်လည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ငါမေးရဦးမယ် သော်ဇင်"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဘာလဲ"

"မင်းက ဘာမှမခံစားရဘူးလား"

သူက ပြန်မဖြေဘဲ စာအုပ်တစ်အုပ်ကို ဖွင့်ကြည့်နေရင်းမှ ခေါင်းခါပြသည်။ မခံစားရဘူးဆိုတဲ့ သဘော။

"အေလေ. . . မင်းက ရည်စားများတဲ့ကောင်ပဲ"

မိုးတိမ်လည်း ထိုသို့ပြောပြီးနောက် အိမ်အောက်ထပ်ကို ဆင်းလာခဲ့သည်။ သော်ဇင်က နောက်ကပါလာပြီး-

"မိုးတိမ်"

"အေး. . . ပြော"

"မင်း ဒီနေ့ ဘယ်သွားစရာရှိသေးလဲ"

"မရှိပါဘူး. . . ဘာလုပ်မလို့လဲ. . . အရင်တစ်ခါကလို ကိစ္စဆိုရင်တော့ ငါ မလုပ်ဘူးနော်"

နွယ်မွန်လို ကိစ္စမျိုးကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဟာ. . . မဟုတ်ရပါဘူးကွာ၊ ငါ့အမေ ခိုင်းထားတဲ့ ကိစ္စတစ်ခု သွားစရာရှိလို့. . . ပျင်းတာနဲ့ မင်းပါ ခေါ်မလို့"

"အဝေးကြီးဆို မလိုက်ဘူးနော်"

"မဝေးပါဘူးကွ. . . မြို့နယ်မှာပါ"

"ဟင်. . . ဘယ်မြို့နယ်"

ထိုမြို့နယ်နာမည်ကို တစ်နေရာမှာ ကြားဖူးသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။



"-----မြို့နယ်"

"ငါ အဲဒီမြို့နယ် အမည်ကြားဖူးတယ်ကွ"

"ကြားဖူးမှာပေါ့. . . မင်းရဲ့ အချစ်ဆုံးကြီး၊ မင်းမချစ်တဲ့ နီလာဆွေ နေတာလေ"

"မဟုတ်ဘူးကွ"

သူ အပြင်းအထန် စဉ်းစားလိုက်သည်။ နီလာဆွေနေတဲ့ နေရာကို သူ မသိပါ။ ကျောင်းမှာ ခင်သာခင်ခဲ့သည်။ သူမနေတဲ့ အိမ်ကို ဖိတ်ခဲ့သော်လည်း မရောက်ဖူးသောကြောင့် မသိခြင်း ဖြစ်သည်။

အခုဟာက လတ်တလောသတိရနေသည့် ကိစ္စဖြစ်ပြီး တစ်နေရာရာတွင် ကြားဖူးသည့် ကိစ္စဖြစ်သည်။

သူက မေ့တတ်တဲ့ အကျင့်ရှိသောကြောင့် မနည်းပြန်စဉ်းစားရသည်။

"ဟင်. . . "

Shopping Mall... Shopping Mall ထဲမှာ သူပိတ်မိတဲ့ ညက အမျိုးသမီးတစ်ယောက် ပြောလိုက်တဲ့ လိပ်စာပဲ. . . ။

ချက်ချင်းဆိုသလိုပင် ဧည့်ခန်းထဲရှိ ဂျာနယ်တစ်ခုပေါ်တွင် အနားတွင် တွေ့ရသော ဘောပင်တစ်ခုနှင့် တစ်ဖက်ပါလိပ်စာ ကတ်ခုကို မှတ်မိတုန်း ရေးချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၃၄)၊ ခြံအမှတ် (A-1)

၂၂ ရပ်ကွက်၊ . . . . . မြို့နယ်။

■



(၁၉)

သော်ဇင်က သူ့အမေ့ခိုင်းလိုက်သည့် ကိစ္စပြီးတော့ သူခေါ်သည့် နေရာသို့ ဘုမသိဘမသိနဲ့ လိုက်လာခဲ့သည်။

"မင်းနဲ့ အသိအိမ်လားကွ"

"မသိဘူး"

"ဟာ. . . မသိဘဲနဲ့ ဘာလုပ်မလို့လဲ"

သူလည်း မဖြေတတ်တော့ဘဲ လမ်းတစ်လျှောက်ရှိ ခြံနံပါတ်များကို လိုက်ကြည့်ရင်း လျှောက်လာခဲ့သည်။

သော်ဇင်ကလည်း သူ့ကို မေးမရသည့်အဆုံး သူ့နောက်ကနေပြီး သူရှာချင်သော ခြံနံပါတ်ကို ကူရှာပေးနေသည်။

အိမ်နံပါတ် (၃၀)တော့ ရှေ့မှာတွေ့သည်။

ခြေလှမ်းများက ပိုသွက်လာပြီး စိတ်လည်းလောနေလေသည်။

"ဟာ ဟော့ကောင် ရှေ့မှာ အိမ်နံပါတ် (၃၄)"

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က ဝမ်းသာအားရ အော်ပြောသည်။

"အာ. . . တွေ့တယ်၊ မင်းအော်တာနဲ့ ဘေးကလူတွေကြား ကုန်ပါဦးမယ်"

သော်ဇင်က ပါးစပ်ကို လက်နဲ့ပိတ်လိုက်ပြီး သူနှင့်အတူ ခြံရှေ့မှာ ရပ်လိုက်သည်။

"ငါ. . . ခြံထဲ လှမ်းအော်ပေးရမလား"

"ဘာလုပ်မလို့လဲ"

"ဟင်. . . မင်းက ဒီအိမ်ကို လာတာမဟုတ်ဘူးလား"

ခေါင်းခါလိုက်ပြီး အဲ့ဒီညက ကြားခဲ့ရသည့် လိပ်စာဖြစ်သော ကြောင့် လိုက်ရှာခြင်းဖြစ်ကြောင်း ပြောပြလိုက်ရသည်။

"ဟာ. . . သေပါပြီကွာ၊ မင်းနဲ့. . . ဘာမှလည်းဟုတ်တာ မဟုတ်ဘူး၊ အခုတော့ ခြေညောင်းတာပဲ အဖတ်တင်တယ်"

"ဟ. . . ဒါပေမယ့် ငါကြားတဲ့လိပ်စာက မှန်နေတော့ အခု တွေ့ရပြီမှတ်လား"

သော်ဇင်က "မိုးတိမ်အရှုး"ဟု တိုးတိုးလေးပြောသည်။

သူလည်း ဂရုစိုက်မအားဘဲ အိမ်ကို တစ်ချက်ကြည့်လိုက် သည်။ အိမ်မှာ တိုက်အိမ်နှင့် ခမ်းခမ်းနားနားဖြစ်ပြီး ခြံထဲတွင် လည်း နောက်ဆုံးပေါ် ကားနှစ်စီးရပ်ထားသည်ကို တွေ့ရသည်။

တိတ်ဆိတ်နေပြီး လူရိပ်ယောင်လည်း မတွေ့ရချေ။

"ကဲ. . . မိုးတိမ်၊ ပြန်မယ်ကွာ၊ ညောင်းနေပြီ"



"နေပါဦး"

သေချာလှည့်ပတ်ကြည့်ပြီးနောက် အဲ့ဒီညကကိစ္စကို ဒီအိမ် ကနေ တစ်ခုခုသိရမှာပဲဆိုပြီး စိတ်ထဲမှာ ထင်နေမိသည်။

"သော်ဇင်"

"အေး"

"နီလာဆွေတို့အိမ်က ဒီနားနဲ့နီးလား"

သော်ဇင်က သူ့ကို မျက်လုံးပြူးပြီးကြည့်သည်။

"ဘာလဲ. . . မင်းက သူ့အိမ် သွားမလို့လား"

"အေးလေ. . . မင်းရောက်ဖူးတယ်မှတ်လား"

"ရောက်ဖူးတယ်လေ"

"ထင်သားပဲ"

သော်ဇင်က ကောင်မလေးတွေအိမ်ဆိုရင် အကုန်ရောက်ဖူး သည်။

ဒါကြောင့် မေးရခြင်းဖြစ်သည်။

နီလာဆွေ့အိမ်ကို ဦးတည်လိုက်ကြသည်။

သော်ဇင်က လမ်းမှာ နီလာဆွေက လှတာကို မင်းက ဘာဖြစ် လို့. . . စသည့်စသည်များကို နားငြီးခံနားထောင်ရင်း နီလာဆွေ အိမ်သို့ ရောက်လာခဲ့ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

သူ့ကိုတွေ့တော့ နီလာဆွေက တအံ့တသြနဲ့ ကြည့်နေလေ
သည်။

"မိုးတိမ်. . . နင်ငါ့ဆီလာတယ်ဟုတ်လား"

နီလာဆွေမှာ အရင်ကအတိုင်းပဲ ဖြစ်သည်။

သော်ဇင်ကတော့ မိန်းမပြင်တိုင်း ငန်းငန်းတတ်ဖြစ်သော
သူ့အကျင့်ကို မဖျောက်နိုင်ဘဲ နီလာဆွေကို တဟီးဟီးနဲ့ စနောက်
နေလေသည်။

ဧည့်ခန်းထဲမှာ ဝင်ထိုင်ရင်း နီလာဆွေက စကားစပြောသည်

"ငါ့အိမ်ကို လမ်းကြုံလို့ဝင်လာတာလား"

"မဟုတ်ဘူး. . . ဒီကောင်မိုးတိမ်လေ. . . နင့်ဆီကို သွားချင်လို့
ဆိုပြီး ငါ့မှာ လိုက်ပို့ရတာ"

"တကယ်"



နီလာဆွေအကြည့်ကြောင့် သူ့မှာ ရင်တုန်သွားလေသည်။

ထို့နောက် နီလာဆွေက တစ်ခုခုကို သတိရသွားပြီး-

"ဒါနဲ့ နင်က ငါ့ Message တွေကို ဘာဖြစ်လို့ ပြန်မပို့တာလဲ. . .
ငါ့ဖုန်းတွေလည်း မကိုင်ဘူး"

သူ မဖြေရသေးခင် သော်ဇင်က ကြားဖြတ် ဝင်ပြောသွား
သည်။

"ဟုတ်တယ်။ ငါလည်း အဲ့ဒါပဲ ပြောနေတာ နီလာဆွေရေ
တစ်ချိန်လုံး Silent လုပ်ထားတယ်၊ ပြီးတော့ ပြန်မခေါ်ဘူး၊ ငါလည်း
စိတ်မရှည်တာနဲ့ သူ့အိမ်ကို လိုက်သွားရင်းနဲ့ အခုလို နင့်ဆီရောက်
လာတာပဲ"

မိုးတိမ်လည်း သူမေးချင်တာ မေးမှဖြစ်မည်။ ကြာပါက
ဟိုရောက် ဒီရောက်နှင့် ဘာမှ မေးမရဘဲ ဖြစ်ပေလိမ့်မည်ဟု တွေး
လိုက်ရင်း-

"နီလာဆွေ. . . ငါနင့်ကို မေးစရာရှိလို့"

"အေး. . . မေးပါဟ. . . နင် ငါ့ဆီက တစ်ခုခုသိချင်လို့
ဆိုတာ သိသားပဲ"

မိုးတိမ်က သူသိသောလိပ်စာကို နီလာဆွေအား ရွတ်ပြ
လိုက်သည်။

"သြော် ငါသိသားပဲ။ ပြီးခဲ့တဲ့တစ်ပတ်ကတောင် အဲဒီအိမ်မှာ
ရှိတဲ့ လူတစ်ယောက် ဆုံးသွားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘယ်... ဘယ်သူလဲ၊ ဆုံးသွားတဲ့လူက ယောကျ်ားလေးလား"

သူ အထိတ်တလန့်နဲ့ ပြန်မေးလိုက်သည်။

နီလာဆွေက သူ့ကို အံ့သြတကြီးပြန်ကြည့်ပြီး-

"ဟုတ်တယ်ဟ ရေနစ်ပြီးသေတာတဲ့... ဒါနဲ့ နင်နဲ့ သိလို့လား"

သူ ပြန်မဖြေဖြစ်ဘဲ မေးခွန်းထပ်မေးလိုက်သည်။

"သူက ရေမကူးတတ်လို့လား"

"ကူးတတ်တယ်။ ဘာဖြစ်လို့နစ်သွားလဲတော့ မသိဘူး"

"အသက်က ဘယ်လောက်လောက် ရှိပြီလဲ"

"၂၉ နှစ်လောက်ပဲ ရှိသေးတယ်"

သူ့ခေါင်းထဲတွင် အတွေးပေါင်းစုံဖြတ်သန်းသွားသည်။ ထိုနေ့က ကြားခဲ့သော စကားအချို့ကိုလည်း ပြန်သတိရလာမိ၏။

■



"သူက ဘယ်လောက်လဲ"

"...... သိန်းပါ"

"ဈေးကြီးလှချည်လား"

"အပြစ်များလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

နီလာဆွေအိမ်က ပြန်အထွက်တွင် မိုးတိမ်ရင်ထဲ၌ တစ်ခုခု လေးလံနေသလို ခံစားရသည်။

သော်ဇင်က နီလာဆွေကို ကျိန်ဆဲရင်း အနောက်ကနေပါလာ၏။

နီလာဆွေက သူ့ကို လူရှုတ်လူပွေဟုဆိုလိုက်၍ ဗျစ်တောက်ဗျစ်တောက် ပြောဆိုနေခြင်းဖြစ်သည်။

"အဲ့ဒီကောင်မကို မင်းပြန်ချစ်လိုက်ပြီး. . . အသည်းခွဲတွာ"

သော်ဇင် ပြောချင်ရာပြောနေတာကို ဂရုမစိုက်အားဘဲ ရေနစ်သေဆုံးသွားတဲ့လူရဲ့ အကြောင်းကိုပဲ တွေးနေမိသည်။

သွေးရိုးသားရိုး သေဆုံးတာမှ ဟုတ်ရဲ့လား။

ဒါမှမဟုတ်။

မိုးတိမ်စိတ်ထဲမှာ ထိုကိစ္စကို မသင်္ကာဖြစ်နေမိသည်။

သော်ဇင်ကိုတော့ မပြောပြရဲပေ။

တော်ကြာ စိတ်ကူးယဉ်ဆန်တယ်။ ခေါင်းထိသွားတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောနေဦးမည်။

"ငါက. . . သူတို့လေးတွေ သာယာပါစေတော့ ဆိုပြီး. . ."

ရေဆာသောကြောင့် လမ်းဘေးဆိုင်တွင် ရေဝင်ဝယ်သည်။

သော်ဇင်က မုန့်တစ်ခုကောက်ယူရင်း-

"ဟာ. . . ငါ အရင်တုန်းက ကြိုက်ဖူးတဲ့ ကောင်မလေးပဲ"

ဟုဆိုပြီး မိုးတိမ်ကို လက်တို့ကာ ပြလေ၏။

သူလှည့်ကြည့်လိုက်သောအခါတွင် ကောင်မလေးတစ်ယောက် ဈေးဝယ်နေတာကို ဘေးစောင်းမြင်ရသည်။

သော်ဇင်ကြိုက်ခဲ့ဖူးသည့် ကောင်မလေးများထဲက တစ်ယောက်ပဲဟု ယူဆရင်း ရေသန့်ဗူးဖိုး ရှင်းမလို့ပြင်စဉ် ကောင်မလေးသည် ဘေးတစ်ဖက်သို့ စောင်းနေရာမှ သူတို့ဖက်ကို လှည့်လိုက်လေ၏။

"ဟင်. ."

လက်ထဲမှ ရေဗူးပြုတ်ကျသွားသည်။

"သူ. . . သူ. . ."

တအံ့တဩဖြစ်သွားပြီး စကားလုံးများ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားလေသည်။

မည်သို့ဆိုသော် မုန့်ဝယ်နေသောကောင်မလေးသည် ထိုညက အခန်းထဲ၌ ဖမ်းခံနေရစဉ် ရေလာပေးသော ကောင်မလေးနဲ့ တူသောကြောင့် ဖြစ်သည်။

■



(၂၂)

"မဖြစ်နိုင်ဘူးထင်တယ် မိုးတိမ်"

သူပြောတာကို မိုးတိမ်က ခါးခါးသီးသီး ငြင်းလေသည်။

"သေချာတယ်၊ သူမှ သူ အစစ်ပဲ၊ ငါ့ကို ရေပေးတဲ့သူပဲ"

"အဲဒီကောင်မလေးကို ငါသိတယ်ကွ၊ မင်းပြောတဲ့ Shopping Mall နဲ့ ဘယ်လိုမှ မပတ်သတ်တဲ့သူပါ"

"ဘာဖြစ်လို့လဲ"

"သူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်၊ ရိုးသားတယ်၊ ငါတောင် သူ့ကို စိတ်ဝင်စားလို့ လိုက်ဖူးသေးတယ်"

"သူက မင်းကို ပြန်ကြိုက်လား"

"အဟီး. . . မကြိုက်ဘူးကွ"

သော်ဇင်က မျက်နှာစပ်ဖြီးဖြီးလုပ်တော့ သူအနည်းငယ် ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကောင်မလေးကို ကြည့်လိုက်သောအခါ သူမသည် ပိုက်ဆံရှင်း ပြီးနောက်ဆိုင်ထဲမှ ပြန်ထွက်နေပြီဖြစ်သည်။

"လာကွာ. . . သူ့နောက် လိုက်ကြည့်ရအောင်"

"ဟာ. . . ဘာလုပ်မလို့လဲ"

သူအလျင်စလို ထွက်လာသောကြောင့် သော်ဇင်မှာ မလိုက် ချင်ဘဲ သူနောက်ကို ပြေးလိုက်လာခဲ့ရသည်။

ထိုကောင်မလေး သူ့ကိုတွေ့ပါက တစ်ခုခုထူးခြားလိမ့်မည်ဟု ထင်မိသည်။

သိပ်မကြာသောအချိန်တွင် ကောင်မလေးအနားသို့ ရောက် သွားပြီး-

"ဒီမှာ. . ."

ဟု အနောက်ကနေ လှမ်းခေါ်လိုက်သည်။

ကောင်မလေးက အနောက်ဘက်ကို လှည့်ကြည့်ပြီး နောက် သူ့ဘေးနားက သော်ဇင်ကို မြင်သွားသောအခါ-

"သြော်. . . ကိုသော်ဇင်ပဲ ဘယ်ကလာတာလဲ"

ကောင်မလေးက သူ့ကို တစ်ချက်ကြည့်ပြီး သော်ဇင်ကို နှုတ် ဆက်သည်။

သော်ဇင်က သူ့ကို "ကဲ. . . တွေ့လား"ဆိုသည့် မျက်နှာဘေး ဖြင့် တစ်ချက်ကြည့်ပြီး ကောင်မလေးကို ပြန်နှုတ်ဆက်သည်။

မိုးတိမ်က ကောင်မလေးမျက်နှာကို သေချာလိုက်ကြည့်နေ



မိသည်။ ထိုညကတွေ့သော ကောင်မလေးဖြစ်သော်လည်း သူ့ကို မှတ်မိသလိုနေနေသည်။

တကယ်ပဲ မမှတ်မိတာလား။

ဒါမှမဟုတ်. . .

ထိုအချိန်တွင် သော်ဇင်က ကောင်မလေးကို သူနှင့် မိတ်ဆက် ပေးသည်။

"ဒါ. . . ကျွန်တော့်သူငယ်ချင်း မိုးတိမ်တဲ့. . .၊ မိုးတိမ် ဒါ. . . ပင်စိမ်းချိုလေ"

"ဟုတ်ကဲ့"

သူမက သူ့ကို သူစိမ်းတစ်ယောက်လို ပြုံးပြသည်။

သူ့မှာသာ စိတ်ထဲ မရိုးမရွဖြစ်နေပြီး-

"ဟို တစ်ခုလောက်မေးချင်လို့"

ဟု စကားစလိုက်သည်။

"ရပါတယ်. . . မေးပါ"

သော်ဇင်က ကောင်မလေးမမြင်အောင် သူ့ကို လက်လှမ်း တို့သည်။

သူမေးမည့် မေးခွန်းကို သိသည့်အလား မမေးနဲ့ဆိုသည့် သဘောဖြစ်သည်။

သူကလည်း မေးဖြစ်အောင် မေးလိုက်သည်။

"ကျွန်တော်တို့ တစ်နေရာမှာများ ဆုံဖူးသလားလို့"

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က 'ကျွတ်ခနဲ' စုတ်သတ်ပြီး ခေါင်းကုတ်နေသည်။

ကောင်မလေးက သူ့ကို သေချာကြည့်၏။ ထို့နောက် ခေါင်းတစ်ချက်ခါယမ်းပြီး-

"ဟင့်အင်း. . . မဆုံဖူးဘူးထင်တယ်"

သူမျက်မှောင်ကြုတ်လိုက်သည်။

ထိုကောင်မလေး လိမ်နေတာပဲ ဖြစ်ရမည်။

■



(၂၃)

အချိန်မှာ နေ့လယ် ၂ နာရီတိတိရှိပြီဖြစ်သည်။ ပူပြင်းလှသော နေရောင်အောက်တွင် Shopping Mall ကြီးသည် လူသွားလူလာများဖြင့် စည်ကားနေ၏။

မိုးတိမ်သည် Taxi ပေါ်မှ ဆင်းပြီးနောက် အေးမြနေသော ရှော့ပင်းမောလ်ထဲသို့ ပြေးဝင်လိုက်သည်။

သော်ဇင်ကတော့ သူနှင့်မလိုက်ဟု ဆိုပြီး သူ့ကောင်မလေးကို ဆက်ချိန်းရင်း ကျန်ရစ်ခဲ့သည်။

မိုးတိမ်မှာ ပင်စိမ်းချိုကို မသင်္ကာဖြစ်မိသော်လည်း သူမဆီမှ အမှ မသိရသောကြောင့် စိတ်ထဲပေါ်လာသည့် အတွေးတစ်ခုကို အတောင်အထည်ဖော်ရန်အတွက် ရှော့ပင်းမောလ်ကို ရောက်ရှိလာခြင်းဖြစ်သည်။

ထိုအတွေးမှာ ထိုနေ့ကတွေ့ရှိခဲ့သော "အရုပ်တွေရှိသည့်ဆိုင်"

www.burmeseclassic.com

www.burmeseclassic.com



များသည် ထိုနေ့က အဖြစ်အပျက်များနှင့် တစ်နည်းနည်း ပတ်သက်နေလိမ့်မည်ဟု ထင်မိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တစ်ခုခု သိလိုသိငြား စုံစမ်းရန်ဖြစ်သည်။

ပထမဦးဆုံး အရုပ်တွေ့ရသည့်ဆိုင်ထဲသို့ ဝင်လိုက်သည်။

**Big Men Collection**

သို့သော် ကောင်တာပေါ်မှာတော့ ထိုနေ့က တွေ့ခဲ့ရသော အရုပ်ကို မတွေ့ရတော့။

ထို့ကြောင့် ကောင်တာသို့ သွားပြီး-

"တစ်ခုမေးချင်လို့ပါ"

"ဪ. . . မေးပါ၊ ဘာများလိုချင်လို့ပါလဲ"

"ဟို. . . ဘာမှတော့ မဟုတ်ပါဘူး၊ ရှော့ပင်းမောလ် ပိုင်ရှင်က လာပေးတတ်တဲ့ အရုပ်ကလေးအကြောင်းသိချင် လို့ပါ"

ဆိုင်ရှင် နည်းနည်းစိတ်ညစ်သွားမှန်း ရိပ်မိလိုက်သည်။ ပစ္စည်းမဝယ်ဘဲ ပေါက်ကရလာမေးသော သူ့ကိုလည်း စိတ်ထို သွားပုံရသည်။ သို့သော် မျက်နှာကို ပြုံးချိုအောင် ထားလိုက်ပြီး-

"မေးလေ. . . ရပါတယ်။ ဘာသိချင်လို့လဲ"

"ဒီ Shopping Mall မှာ အားလုံးပဲ အဲ့ဒီလိုအရုပ်တွေ ရတာလား"



"မဟုတ်ဘူးထင်တယ်ဗျ၊ အချို့ဆိုင်တွေပဲ ရတယ်"

"ရတဲ့ဆိုင် ဘယ်နှဆိုင်လောက်ရှိလဲ"

"မသိဘူး"

မိုးတိမ် စိတ်ညစ်သွားသည်။

ထိုမှာပင် လမ်းစပျောက်နေပြီ ဖြစ်သည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်မေးဖို့ကလည်း ဘယ်လိုမှ မဖြစ်ချေ။

"ခန့်မှန်းရော မသိဘူးလား"

"ခင်ဗျားသိချင်ရင် Shopping Mall ရုံးခန်းကို သွားမေးပါလား"

ဆိုင်ရှင်က သူ့ကို စိတ်မရှည်တော့ဘူးဆိုတာကို ရိပ်မိလိုက်သည်။ ဒါနဲ့ နောက်ဆုံးမေးခွန်းကို မေးလိုက်သည်။

"လတစ်လရဲ့ ဘယ်လိုနေ့တွေမှာ အရုပ်ရတတ်လဲ"

"ရက်အတိအကျတော့ မရှိဘူး၊ သူတို့က ပေးချင်တဲ့အချိန် လာပေးတာ"

ထိုအဖြေမှာတင် ဘာမှ မေးစရာ မရှိလောက်အောင်ပင် ပြီး ပြတ်သွားသည်။ နှုတ်ဆက်ပြီး ဆိုင်ထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။ ထွက်ခါနီး ဆိုင်ရှင်က သူ့ကို ရှော့ပင်းမောလ် ရုံးခန်းသွားရန်အတွက် လမ်းညွှန်နေသေးသည်။

သူဘယ်လိုမှ သွားလို့မဖြစ်ချေ။ သွားပါက ထိုရုံးခန်းက သူများက သူ့ကိုမှတ်မိပြီး သူမေးတာများကို ဖြေလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့နည်းသူ့ဟန်နှင့် ထိုကိစ္စကို စုံစမ်းရမည်။

ထိုစဉ် Shopping Mall သန့်ရှင်းရေးဝန်ထမ်းတစ်ယောက် ကို သတိထားမိလိုက်သည်။ လူသွားလမ်းပေါ်တွင် သန့်ရှင်းရေး လုပ်နေပြီး ဆိုင်တစ်ဆိုင် ရှေ့ရောက်တိုင်း ဆိုင်ရှင်များက နှုတ်ဆက် စကားပြောနေသည်ကို တွေ့ရလေသည်။

■



(၂၄)

"ခင်ဗျားက ဘာလုပ်ဖို့လဲဗျ"

လူရှင်းသောတစ်နေရာတွင် မိုးတိမ်နှင့် သန့်ရှင်းရေးကောင်း လေးတစ်ယောက်တို့ စကားပြောနေကြခြင်းဖြစ်သည်။

မိုးတိမ်က ကိစ္စတစ်ခုကို မေးပြီးကူညီရန်ပြောရာတွင် ထို သန့်ရှင်းရေးကောင်လေးက အထက်ပါအတိုင်း ပြန်မေးလိုက်ခြင်း ဖြစ်သည်။

သန့်ရှင်းရေးကောင်လေး၏ အမေးကြောင့် မိုးတိမ်မှာ ဘာ ပြန်ဖြေရမှန်းမသိ ဖြစ်သွားလေသည်။

ခဏနေမှ ပါးစပ်ထဲရှိရာ တစ်ခုလျှောက်ပြောလိုက်လေသည်။

"ကျွန်တော့်ကောင်မလေးက အဲ့ဒီလို အရုပ်တွေကို စိတ်ဝင်စား လို့ဗျ၊ အဲ့ဒီလို အရုပ်ကလည်း ဘယ်မှာမှ ဝယ်လို့မရဘူး၊ အဲ့ဒါ ဗျာ. . . ဘယ်ဆိုင်တွေကို ဘယ်နေ့ပေးလဲသိမှ. . . ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို လာပြလို့ရမှာဗျ"

ကောင်လေးက လူငယ်ဖြစ်သောကြောင့် ကောင်မလေးကိစ္စဟု ဆိုလိုက်တာနဲ့ ကူညီမယ်ဖြစ်သွားသည်။

မိုးတိမ်က မုန့်ဖိုးပေးတာပင် "မယူပါဘူး... ခင်ဗျားတို့ အချစ်ကိစ္စသာ ပြေလည်အောင်လုပ်ပါ"ဟုဆိုကာ နောက်ထပ် တစ်နာရီအကြာတွင် သူနှင့် ဒီနေရာမှာ ပြန်တွေ့ရန် ချိန်းလိုက်ကြသည်။

■

BURMESE CLASSIC .com



(၂၅)

နောက်တစ်နာရီခန့်ကြာသောအခါ သန့်ရှင်းရေးကောင်လေး မှာ ပြန်ရောက်လာပြီး-

"ရပြီဗျ... ရုံးကတောင်းရင် ရမှာမဟုတ်ဘူး၊ အဲဒါ... အရုပ်တွေ သွားပေးရတဲ့ ကျွန်တော့်သူငယ်ချင်း ဝန်ထမ်းဆီက တောင်းလာရတာ၊ ရက်ကတော့ သူလည်းမသိဘူး၊ လာပေးတဲ့ အချိန် လိုက်ပေးရတာတဲ့"

ဟုဆိုပြီး လက်ထဲသို့ စာရွက်တစ်ရွက် လှမ်းပေး၏။

"ကျေးဇူးပါပဲဗျာ"

"ရတယ်... ရတယ် မလိုဘူး၊ ကျွန်တော်လည်း အလုပ် သွားလုပ်လိုက်ဦးမယ်"

"တစ်ခုခု လိုက်စားပါဦးလား"

"အလုပ်ချိန်မှာ မရဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အလုပ်ဆင်းမှရော"

"တော်ပါပြီဗျာ၊ ကျေးဇူးတင်တယ်ဆိုရင် ပြီးတာပါပဲ"

ပြောပြောပြီးချင်း သူ့ရှေ့ကနေ လှစ်ခနဲ ပြေးထွက်သွားသည်။ ကောင်လေးပြေးထွက်သွားသည်ကို လိုက်ကြည့်ပြီးနောက် လက်ထဲရှိ စာရွက်ကို ဖွင့်ကြည့်လိုက်သည်။

ဆိုင်နာမည်နှင့် ဆိုင်ခန်းနံပါတ်အချို့ကို လက်ရေး ခပ်သော့သော့နှင့် ရေးထားတာကို တွေ့ရသည်။

| | | |
|---|---|---|
| ဆိုင်အမှတ် | (၅) | Shwe Khine Baby Shop |
| ဆိုင်အမှတ် | (၆) | Good Living Furniture |
| ဆိုင်အမှတ် | (၁၈) | Love and Life Gift Shop |
| ဆိုင်အမှတ် | (၁၂၉) | Thailand Evening |
| ဆိုင်အမှတ် | (၄၅၆) | Big Men Collection |
| ဆိုင်အမှတ် | (၁၄၈) | Forever Special Collection |
| ဆိုင်အမှတ် | (၁၆၈) | Today is Valentine Gift Shop |
| ဆိုင်အမှတ် | (၁၂) | Always for you Fancy |

တစ်နေကုန်သွားနေရသောကြောင့် ဗိုက်ကဆာလာသည်။ ထို့ကြောင့် နီးစပ်ရာစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်လိုက်သည်။

ကိုယ်တိုင်ယူစနစ်ဖြစ်သောကြောင့် မုန့်အချို့မှာပြီး ထောင့်



ခုံ တစ်ခုံတွင် ဝင်ထိုင်နေလိုက်သည်။

ဆိုင်ထဲတွင် လူတော်တော်စည်နေသည်။ အတွဲများ၊ မိသားစုများနှင့် သူ့ဟာသူ ရှုတ်ရှက်ခတ်နေသည်။

မရှုတ်တာဆိုလို့ သူတစ်ယောက်ပဲ ရှိနေသည်။

ကြာလာတော့ ပတ်ဝန်းကျင်ကို ကြည့်ရတာ ပျင်းလာသောကြောင့် 'သန့်ရှင်းရေးကောင်လေးပေးသော စာရွက်'ကို ထုတ်ကြည့်မိပြန်သည်။

ဘာဖြစ်လို့ ဒီ (၈)ဆိုင်ထဲကိုပဲ အရုပ်တွေကွက်ပြီး ပေးနေရတာလဲ။ ရောင်းကောင်းအောင်ပဲလား။ ဒါဆို ဒီရှစ်ဆိုင် ရောင်းကောင်းအောင်ပေးပြီး အခြားဆိုင်တွေကိုရော ဘာကြောင့် မပေးရတာလဲ။

မိမိဘေး တစ်ခုံကျော်တွင် ကလေးများ ကစားနေသံကို ကြားရသည်။ မျက်စောင်းထိုးက အတွဲကလည်း တိုးတိုးတိတ်တိတ်နဲ့ ရန်ဖြစ်နေပုံရသည်။

လက်ကစာရွက်ကို ပန်ကန်ပြားနဲ့ ဖိထားလိုက်ပြီး မုန့်တစ်ခု ယူစားစဉ်တွင် တစ်ဖက်က ကလေးဝိုင်းကို တစ်ချက် လှမ်းကြည့်မိသည်။

ဝယ်လာတဲ့ ကစားစရာများကို ထုတ်ကစားနေခြင်းဖြစ်သည်။ နည်းနည်းအရွယ်ရောက်နေတဲ့ ကလေးနှစ်ယောက်ကတော့ Scribble (အင်္ဂလိပ်စာလုံးဆက်ကစားနည်း)ကို ကစားနေတာတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ၁၈ မှတ် ရပြီကွ"

"၁၇ မှတ်ပါ၊ ဒီမှာကြည့် နှစ်ဆရတဲ့အကွက် မဟုတ်ဘူး"

"ဒီမှာလေ ၃ ကွက်မြောက်က ရတဲ့အမှတ်ကိုလည်း ကြည့်ဦး"

သူတို့ကစားနေတာကို ဘာရယ်မဟုတ်ပဲ ငေးကြည့်နေမိသည်။ ညပ်ထားတဲ့စာရွက်ကလည်း အပေါ်က ပန်ကာလေကြောင့် တဖျတ်ဖျတ် လွင့်နေသည်။ အင်္ဂလိပ်အက္ခရာကွက်လေးနှစ်ခု ပြုတ်ကျသွားသည်။

သူက ကလေးများကို ရယ်ပြလိုက်ပြီး သူတို့ကျသွားသော အက္ခရာကွက် နှစ်ခုကို ကောက်ယူပေးလိုက်၏။

အကွက်မှာ S နှင့် X ဖြစ်သည်။

ထိုအကွက်များကို ကြည့်ပြီး အတွေးတစ်ခုရသွားသည်။

ထို့ကြောင့် ညပ်ထားသော စာရွက်ကို ကောက်ယူလိုက်ပြီး အခြားစာရွက်လွတ်တွင် တစ်ဖက်ပါအတိုင်း ပြင်ရေးလိုက်သည်။



ဆိုင်အမှတ် (၅) Shwe K hine Baby Shop

ဆိုင်အမှတ် (၆) Good L i ving Furniture

ဆိုင်အမှတ် (၁၈) L ove and L ife Gift Shop

ဆိုင်အမှတ် (၁၂၉) T h ailand E vening

ဆိုင်အမှတ် (၄၅၆) Big M e n Collection

ဆိုင်အမှတ် (၁၄၈) F or e ver S pecial Collection

ဆိုင်အမှတ် (၁၆၈) T oday i s V alentine Gift Shop

ဆိုင်အမှတ် (၁၂) A l ways for you Fancy

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အမှတ် (၅) ဆိုတော့ (၅)နေရာမှာရှိတဲ့ (K)

ဆိုင်အမှတ် (၆) ဆိုတော့ (၆)နေရာမှာ ရှိတဲ့ (I)

ပြီးနောက်-

ဆိုင်အမှတ် (၁၈). . . ။

၁ နဲ့ ၈ နေရာမှာရှိတဲ့ အင်္ဂလိပ်အက္ခရာ L နှင့် L

စသည်ဖြင့် ဆိုင်အမှတ်များကို ယူကာ အနောက်က ဆိုင်နာမည်များရှိ စာလုံးများကို ယူကြည့်သောအခါတွင် အောက်ပါအတိုင်း ထွက်လာ၏။

**killthemenfestival**

မိုးတိမ် မျက်မှောက်ကြုတ်လိုက်သည်။

ဘာအဓိပ္ပာယ်မှန်း မသိသည့် စကားစုတစ်ခု ထွက်လာခဲ့သည်။

ခေါင်းခါယမ်းလိုက်ပြီး စာရွက်ကို တစ်ဖက်သို့ တွန်းလိုက်ပြီးမှ စကားစု၏ နောက်စာလုံးကို သတိထားမိလိုက်သည်။

**Festival**

(ပွဲတော်)

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် တစ်မျိုးဖြစ်သွားပြီး စကားစုများကို တစ်ခုချင်းစီလိုက် ပိုင်းကြည့်လိုက်သည်။

ပထမ ပိုင်းထားချက်သည် ဘာအဓိပ္ပာယ်မှ ထွက်မလာချေ။ ဒါနဲ့ နောက်ထပ်အဓိပ္ပာယ်ထွက်အောင် ထပ်ပိုင်းကြည့်သည်။

"ဟာ. . ."

ထွက်ပေါ်လာသည့် အဓိပ္ပာယ်ကို ကြည့်ပြီး ဟုတ်ပါ့မလား ဟုပင် တအံ့တသြဖြစ်သွားသည်။



## Kill the Men Festival
## (ယောကျ်ားများကိုသတ်တဲ့ ပွဲတော်)

www.burmeseclassic.com

www.burmeseclassic.com



(၂၆)

ခုနက သန့်ရှင်းရေးဝန်ထမ်းကို လိုက်ရှာရပြန်သည်။ ထောင့်တစ်ခုတွင် သန့်ရှင်းရေးလုပ်နေတာကို တွေ့ရပြီး-

"ဟာ... ကျွန်တော်လိုက်ရှာနေတာ"

သန့်ရှင်းရေးဝန်ထမ်းက သူ့ဘက်ကို လှည့်ကြည့်ပြီး-

"မပြန်သေးဘူးလား"

"မေးစရာလေး ကျန်သေးလို့ မပြန်သေးတာ"

"ဘာမေးမလို့လဲ"

"ဟို... ဒီ Shopping Mall ပိုင်ရှင်က ဘယ်သူလဲဗျ"

ဒီတစ်ခါတော့ သူ့ကို မသင်္ကာသလို ကြည့်သည်။ ချက်ချင်းမဖြေသေးဘဲ စဉ်းစားနေပုံရသည်။

"ဘာလုပ်ဖို့လဲဗျ"

"သိချင်ရုံသက်သက်ပါပဲ၊ ဘာမှ မလုပ်ပါဘူး"



"သြော်... ဒါဆိုလည်း ရပါတယ်၊ ဒီ Shopping Mall ကို အမျိုးသားတစ်ယောက်ပိုင်တာ၊ သူ့နာမည်ကတော့ ဦးဝေအောင်တဲ့"

"ကျေး... ကျေးဇူး ပါပဲဗျာ"

အမျိုးသားတစ်ယောက်ပိုင်တာဆိုတော့ သူထင်တာ လွဲများလွဲနေရော့လား။ သူက အမျိုးသမီးတစ်ယောက် ပိုင်လိမ့်မည်ဟု ထင်နေခြင်း ဖြစ်သည်။

သန့်ရှင့်ရေးဝန်ထမ်းကို နှုတ်ဆက်ပြီး ပြန်ထွက်စဉ် သော်ဇင်ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်သည်။

"ဟယ်လို"

"အေ... သော်ဇင်၊ ငါပါ"

"သြော်... မိုးတိမ်၊ ပြောလေ"

"ငါ... ပင်စိမ်းချိုရဲ့ ဖုန်းနံပါတ်ကို လိုချင်လို့"

သော်ဇင်အသံက တိတ်သွားသည်။ ပြီးမှ-

"မင်းက ဘာလုပ်မလို့လဲ ဟေ့ကောင်... ပင်စိမ်းချိုက မင်းထင်တဲ့ကိစ္စနဲ့ ဘာမှ မပတ်သက်ဘူးနော်"

"အေးပါကွ၊ အခုဟာက ငါဆက်မလို့ မဟုတ်သေးပါဘူး။ လိုရမယ်ရ ယူထားတာပါ"

တစ်ဖက်တွင် သော်ဇင်မှာ အပြင်းအထန် စဉ်းစားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



Message ပို့သော ဖုန်းနံပါတ်ကို ချက်ချင်းခေါ်လိုက်သည်။ ဖုန်းခေါ်ထားရင်း ပတ်ဝန်းကျင်ကိုလည်း သတိထားကြည့်မိသည်။

သူ့ကို သတိထားစောင့်ကြည့်နေသောသူ တစ်ယောက်မျှ မတွေ့ရချေ။

"တူ. . . တူ. . . တူ. . ."

ဖုန်းဝင်သော်လည်း တစ်ဖက်ကနေ ဖုန်းမကိုင်ချေ။ ပြန်ကျ သွား၏။

ထပ်ခေါ်လိုက်သည်။ သုံးလေးခေါက် ဖုန်းခေါ်သည့်တိုင် အောင် တစ်ဖက်ကနေ ဖုန်းမကိုင်သောကြောင့် ဖုန်းခေါ်တာကို ရပ်ထားလိုက်သည်။

ထိုစဉ် စပီကာမှနေ၍ Shopping Mall ပိတ်တော့မည့် ကြေညာသံကို ကြားလိုက်ရသည်။

■



(၂၇)

ညဘက် အိမ်ပြန်ရောက်သော်အခါတွင် ခုတင်ပေါ်၌ ပစ်လှဲ လိုက်၏။ မျက်နှာကြက်ကို ကြည့်နေပြီး အတွေးတို့က တစ်ခုပြီး တစ်ခု ပြေးလွှားနေကြသည်။

"တီ. . . တီ"

Message ဝင်လာသံကို ကြားရသည်။

ချက်ချင်းဆိုသလို ခုတင်ပေါ်မှ ထထိုင်လိုက်ပြီး ခုံပေါ်ရှိ ဖုန်း ကို ယူကာ ဖွင့်ကြည့်လိုက်သည်။

"ညနေက ပို့တဲ့ ဖုန်းနံပါတ်ပဲ"

ချက်ချင်းပဲ Message ကို ဖွင့်လိုက်သည်။

ဒုတိယအကြိမ် သတိပေးခြင်းဖြစ်ပါသည်. . .
ဆက်မလုပ်ပါနှင့်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ၂ ရက်အတွင်းမှာ ခင်ဗျားတို့အကြောင်း ကို ပိုသိပြီး စောင့်ဖမ်းလိုက်ရင် ဘယ်လိုလုပ်မလဲ။

သူခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

မိန်းမသည် မိန်းမသာဖြစ်သည်။

လာယှဉ်ပြိုင်ရင်တော့ ရှုံးနိမ့်လိမ့်မည်။

တစ်ခုပြောမယ်။

ပြောလေ။

ဒီဘက်ကအကြောင်းကို ဘယ်လောက်ထိ သိထားလို့လဲ။

သိတာပေါ့။

ရေးသာရေးပို့လိုက်ရသည်။ သူသိထားတဲ့အချက်များသည် ခန့်မှန်းချက်များသာ ဖြစ်သည်။

သို့သော် ပြောပြီးမှတော့ ဆက်ပြောရပေမည်။



ပြောပြစမ်းပါဦး။

သူက အချက်အလက်များဖြင့် ပြန်ပို့လိုက်သည်။

**(၁) ထိုနေ့က အဖြစ်အပျက်များကို ကြည့်ခြင်းအားဖြင့် ယောကျ်ားများ အန္တရာယ်ဖြစ်စေနိုင်အောင် ပြုလုပ်သော အရာများလုပ်ဆောင်သည့် ကိစ္စဖြစ်ရမည်။**

**(၂) ထိုပွဲကို kill the men festival ဟု အမည်ပေးထားသည်။**

ခဏကြာသည်အထိ တစ်ဖက်မှ ပြန်မပို့သေးချေ. . . ။

သူရေးပေးလိုက်တာ မှန်သွားပုံရသည်ဟု မိုးတိမ်စိတ်ထဲတွင် ထင်လိုက်သည်။

ဒါပဲလား။

အင်း. . . ဟုတ်တယ်။

ဒါဆို ခြံရဲ့စာတိုက်ပုံးထဲမှာ ပါဆယ်လေးတစ်ခု ရောက်နေလိမ့်မယ်. . . ကြည့်လိုက်ပါဦး။

"ဟင်. . . "

မိုးတိမ်မှာ အထိတ်တလန့်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်-

အခု Message ပို့တဲ့သူနဲ့ ဖုန်းပြောလို့ရမလား။

မရပါဘူး။

အပြင်မှာရော တွေ့လို့ရမလား။

ပိုလို့တောင် ဝေးသေးတာပေါ့။

ခင်ဗျားတို့ ပွဲကို လာမယ်ဆိုရင်ရော။

ဘယ်က ဝင်ရမယ်။ ဘယ်လိုရက်တွေ ကျင်းပတယ်ဆိုတာတောင် မသိသေးဘဲနဲ့ ဘယ်လိုလုပ်ရမှာလဲ။

ရက်ကတော့ ဆိုင်တွေမှာ အရှပ်ထားတဲ့ရက်ပေါ့ဗျ။



အဲ့ဒီနည်းစနစ်ကိုက အမြဲတမ်း မဟုတ်ပါဘူး။

သို့သော်လည်း ဆက်ပြောရပေဦးမည်။

ခင်ဗျားတို့ကို ဘာမှ ဒုက္ခမပေးပါဘူးဗျ၊ ကြည့်ယုံလေ့လာရုံ သက်သက်ပါပဲ။

ယောကျ်ားတွေဆို လက်မခံပါဘူး၊ ကုန်ကုန်ပြောရရင် ဘယ်လိုယောကျ်ားမျိုးမှ လက်မခံပါဘူး။

အခုလို Message ပြန်ပို့နေတာကိုက တော်တော်ဆိုးနေပါပြီ။

ဘာဖြစ်လို့လဲ။

အဲ့ဒီနေ့ကတည်းက တစ်ခါတည်း သတ်ခဲ့ဖို့ ကောင်းတာပါ။

Message ဖတ်နေရင်းနဲ့ပဲ ကြက်သီးထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူးဗျာ. . . ခင်ဗျားတို့ဟာက တစ်ခုခု လွဲနေပြီထင်တယ်။

တစ်ဖက်က ပြန်မပို့တော့ချေ။

ခဏစောင့်နေသော်လည်း အခြေအနေမထူးသောကြောင့် "Hello" ဟု ပို့လိုက်သည်။

10 မိနစ်ကြာသောအခါမှသာ သူ့ဖုန်းထံသို့ Message တစ်ခု ပြန်ဝင်လာ၏။

Message ကိုဖတ်မိပြီး လန့်သွားလေသည်။



နောက်နှစ်ရက်အကြာမှာ ရှင် သေသွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ပထမရက်

www.burmeseclassic.com

www.burmeseclassic.com



## (၂၉)

အအေးဆိုင်မှာထိုင်နေတာ တစ်နာရီခန့်ရှိပြီဖြစ်သည်။ သော်ဇင်၏ ပြောကြားချက်အရ ပင်စိမ်းချိုသည် ဒီလမ်းကနေ ဖြတ်ပြီး အလုပ်သွားတတ်တာကို သိထားသောကြောင့် လာထိုင်စောင့်နေခြင်း ဖြစ်သည်။

ညက ပင်စိမ်းချိုဆီဖုန်းဆက်ရာ ဖုန်းပိတ်ထားသောကြောင့် အခုလို လာစောင့်နေရခြင်းဖြစ်သည်။

အခုတလော စိတ်ရောလူရော ပင်ပန်းနေတာကြောင့်ပဲလား မသိ လူတစ်ကိုယ်လုံး နုံးချည့်နေသည်။

ရေဆာလာ၏။

ထို့ကြောင့် -

"ညီလေး. . ရေတစ်ဗူးပေးပါဦး"

စားပွဲထိုးလေးကို လှမ်းမှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ဗူးလား အစ်ကို"

"အေး. . . ဟုတ်တယ်"

သောက်ထားတဲ့ ရေဗူးက နှစ်ဗူးရှိနေပြီဖြစ်သောကြောင့် စားပွဲထိုးလေးက ထိုသို့ မေးခြင်းဖြစ်သည်။

ထိုစဉ် ဆိုင်ရှေ့က ဖြတ်သွားနေသော ပင်စိမ်းချိုကို လှမ်းမြင်လိုက်ရသည်။

"ညီလေး. . . ရေဗူးမြန်မြန်ပေး၊ ဘယ်လောက်ကျလဲ တစ်ခါတည်း ရှင်းမယ်"

ပိုက်ဆံကို ခပ်မြန်မြန်ရှင်းလိုက်ပြီး ဆိုင်ကို ကျော်သွားပြီဖြစ်သော ပင်စိမ်းချိုနောက်သို့ ရေဗူးတစ်ဗူးပိုက်ကာ အပြေးလေးလိုက်ရသည်။

"ဒီမှာ. . . ဒီမှာ"

အနောက်ကနေ လှမ်းခေါ်လိုက်သည်။ ပင်စိမ်းချိုက လှည့်မကြည့်ချေ. . .။ ဒါနဲ့ ခပ်သွက်သွက်လျှောက်သွားရပြီး အနောက်ကနေ-

"ပင်စိမ်းချို"

ဟု တိုးတိုးလေးခေါ်လိုက်ရသည်။

ပင်စိမ်းချိုက ဆတ်ခနဲ လှည့်ကြည့်၏။

သူ့မျက်နှာကို မြင်လိုက်ရသောကြောင့် ပင်စိမ်းချို မျက်နှာအနည်းငယ် ပျက်သွားသည်ဟု သူ့စိတ်ထဲထင်မိလိုက်သည်။

"ဩော်. . . ကို. . ."

"မိုးတိမ်ပါ"

"ဟုတ်ကဲ့"

ပင်စိမ်းချိုက သက်ပြင်းချလိုက်တာကို တွေ့ရသည်။

သေချာပါသည်။ ထိုနေ့က သူ့ကို ရေဗူးပေးခဲ့သော ကောင်မလေးက ပင်စိမ်းချိုမှ ပင်စိမ်းချိုပါပဲ။

ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ။ တစ်ခုခုကြောင့်ပဲလား။

အတွေးတို့ မဆုံးခင် ပင်စိမ်းချိုက လမ်းဆက်လျှောက်သွားသောကြောင့် သူလည်း ဘေးကနေ ကပ်လိုက်လာရသည်။

အတော်ကြာသည်အထိ တစ်ဦးကိုတစ်ဦး ဘာမှ မပြောဖြစ်ကြဘဲ ရှိနေသည်။

ခဏနေတော့မှ-

"ဘယ်ကို သွားမလို့လဲ ကိုမိုးတိမ်"

ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။

တကယ်တော့ ထိုကိစ္စကို ဒီနေ့ အပြတ်ရှင်းဖို့ စဉ်းစားထားသည်။

ထို့ကြောင့်-

"ပြောစရာလေးရှိလို့ပါ၊ တစ်နေရာရာမှာ ခဏထိုင်ရအောင်"

"ဘာပြောမလို့လဲ ကိုမိုးတိမ်"

လမ်းလျှောက်နေရင်းမှ နှစ်ဦးသား ရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်စိမ်းချိုက သူ့ဘက်မျက်နှာလှည့်ပြီး ထိုစကားကို မေးလိုက်ခြင်းဖြစ်သည်။

"ဟို. . . ကျွန်တော်နဲ့ပင်စိမ်းချိုနဲ့ တွေ့ခဲ့တဲ့အကြောင်း အရာကို အသေးစိတ်ပြောချင်လို့ပါ"

မျက်နှာတစ်ချက်ပျက်သွားသည်ဟု ထင်လိုက်သည်။

"ကိုမိုးတိမ်နဲ့ ကျွန်မနဲ့က အပြင်မှာ တွေ့မှ မတွေ့ဖူးဘဲ"

"Shopping Mall တစ်ခုမှာဆိုရင်ရော. . . "

ပင်စိမ်းချိုက သူ့ရှေ့က လှည့်ထွက်ပြီး လမ်းဆက်လျှောက်သွားသည်။ သူလည်း ဘေးကနေ အလျင်အမြန် ကပ်လိုက်ရပြန်သည်။

"ဟုတ်တယ်မှတ်လား ပင်စိမ်းချို ကျွန်တော့်ကို တစ်ခုခုပြန်ပြောပါဦး"

ပင်စိမ်းချိုက ဘာမှပြန်မပြော. . .။

လမ်းသာ ဆက်လျှောက်နေသည်။

ရေပူးထဲက ရေကိုတစ်ငုံမော့လိုက်သည်။

ပင်စိမ်းချို လမ်းလျှောက်နေတာ ပိုမြန်လာသည်ဟု ထင်မိသည်။

အခုထိတော့ သူ့ကို စကားပြန်မပြောသေးချေ. . .။

စိတ်များ ဆိုးသွားလို့လား. . .။



ထို့ကြောင့် နောက်ဆုံးစကားတစ်ခွန်းကို ပြောလိုက်လေသည်။

"ကျွန်တော်နှစ်ရက်အတွင်း သူ့အလိုလို သေဆုံးသွားလိမ့်မယ်ဆိုပြီး ကျွန်တော့်ကို ခြိမ်းခြောက်ထားကြတယ်"

"ရှင်. . . "

လက်ထဲကဆွဲခြင်း ပြုတ်ကျသွားသည်။

အထိတ်တလန့် မျက်ဝန်းဖြင့် သူ့ကို လှမ်းကြည့်ပြီးနောက် ဆွဲခြင်းကို အလျင်အမြန် ပြန်ကောက်၏။

ထိုစဉ် ပင်စိမ်းချို၏ မျက်နှာသည် တစ်ဖက်ကားလမ်းဆီသို့ ရောက်သွားပြီး မျက်နှာလည်း ပျက်သွား၏။

"ကျွန်မ သွားရတော့မယ်"

"ဟင်. . . ဘယ်ကိုလဲ. . . အလုပ်မှ မရောက်သေးတာ"

"ကျွန်မကို လာခေါ်တဲ့ကားရောက်ပြီ"

ပင်စိမ်းချို ကြည့်သည့်နေရာသို့ သူ လိုက်ကြည့်မိသည်။ ကားတစ်စီး ရပ်ထားတာကို တွေ့ရသည်။

အဝေးကကြည့်သောကြောင့် အထဲမှာဘယ်သူရှိမှန်း မသိချေ။

ပင်စိမ်းချိုက ကားလှမ်းကို ဖြတ်ကူးရန်လုပ်နေစဉ် သူလည်း နောက်မှ လိုက်ရန်ပြင်လိုက်သည်။

"ကျွန်မနောက်ကို ဆက်မလိုက်လာပါနဲ့တော့"

"ဒါဆို ကျွန်တော် ညဘက် ဖုန်းဆက်လို့ရလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့စကားကို ပြန်မဖြေဘဲ တစ်ဖတ်ကားလမ်းသို့ အလျင်အမြန် ကူးသွားလိုက်လေသည်။

ထို့နောက် ကားမှာ ပင်စိမ်းချိုတက်ပြီးသည်နှင့် အလျင်အမြန် မောင်းထွက်သွားလေသည်။

ကားမှာ ဖယ်ရီကြိုနေကျကား မဟုတ်ခြင်းကြောင့် သူ့စိတ်ထဲတွင် ဒွိဟဖြစ်ပြီး ကျန်ရစ်နေခဲ့သည်။

သေချာတာတစ်ခုက ပင်စိမ်းချိုသည် ထိုနေ့က မိန်းကလေးဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

■



(၃၀)

အိမ်ကိုပြန်ရောက်တဲ့အထိ သူ့ကို အန္တရာယ်ဖြစ်စေသော အဖြစ်အပျက်များ မဖြစ်သွားခဲ့ပါ။

နောက်ထပ်သင်တန်းတစ်ခုတက်ရန် နေရာအချို့ကို သွားစုံစမ်းခဲ့ရသည်။

ထိုနေရာတွေမှာလည်း အေးဆေးဖြစ်သည်။

သူ့မှာလည်း တစ်နေ့လုံး ထိုစိတ်များက လွှမ်းမိုးနေ၍ ဘယ်သွားသွား သတိထားပြီး သွားနေရသည်။

ကားတစ်စီးကတော့ သူ့ကို ပွတ်တိုက်မိမလိုတော့ ဖြစ်သွားသည်။ ထိုကိစ္စက သူတို့လက်ချက်လား မသေချာသော်လည်း မဟုတ်နိုင်ဘူးဟု ထင်မိသည်။ နီလာဆွေတို့ အိမ်ဘေးနားက အစ်ကိုကြီးတစ်ယောက်ကတော့ ရေကူးရင်း ရေနစ်သွားတာလို့တော့ သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်တော့ အိမ်ထဲမှာပဲ နေရင်းကောင်းမယ်ဆိုပြီး တွေးနေမိသည်။ ယခုတော့ အိမ်ပြန်ရောက်ပြီဖြစ်သောကြောင့် အန္တရာယ်ရှိသည်ဆိုသောအတွေးကို ဖျောက်ဖျက်ထားလိုက်သည်။

ထို့နောက် ဘေးနားက ဖုန်းကို ကောက်ယူလိုက်ပြီး မနေ့က Message ပို့ခဲ့သော ဖုန်းကို Message တစ်ခုပို့လိုက်၏။

'You Can't kill me.'
မင်း ငါ့ကို သတ်လို့မရပါဘူး။

Message ပြန်ပို့မလားဆိုပြီး စောင့်ကြည့်နေသေးသည်။

နာရီဝက်ကြာသည်အထိ Message ပြန်မပို့သောကြောင့် ပင်စိမ်းချိရဲ့ ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်သည်။

■



## (၁၁)

Shopping Mall ထဲတွင် ပုံမှန်ဈေးဝယ်များဖြင့် စည်ကားနေပြန်သည်။

အရောင်အသွေးစုံစွာ လူကြီးလူငယ်မရွေး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကြည့်ရှုဝယ်ယူနေကြသည်မှာ အလကားပေးနေသည်ဟုပင် ထင်ရသည်။

အချို့က ဆိုင်ထဲတွင် လိုက်ဖက်မည်ထင်သော ပစ္စည်းများကို ရွေးချယ်ဝတ်ဆင်ကြည့်ရှုနေကြသည်။

ယောကျ်ားလေးတွေကတော့ ဖိနပ်ကို တစ်ရံပြီးတစ်ရံ ဝတ်ကြည့်နေကြသလို မိန်းကလေးတွေကတော့ အင်္ကျီအဆန်းပုံစံများကို ခန္ဓာကိုယ်ပေါ်တွင် ကပ်ကာ ကြည့်ရှုနေကြသည်။

ထိုလူအများစုကြားထဲမှာမှ အသက် ၂၈ နှစ်ခန့်ရှိသည့် အမျိုးသမီးနှစ်ဦးသည်လည်း အခြားမျိုးသမီးများနည်းတူ အလှကုန်

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းအချို့ကို ရွေးချယ်နေကြလေသည်။


တစ်ဦးက အနီရောင်လေးရွေးကာ ကြိုက်သည်ဟုဆိုပြီး အရောင်းစာရေးမလေးကို ဘယ်လောက်လဲဟု မေးလိုက်သည်။

အခြားတစ်ယောက်ကတော့ စိတ်ကြိုက်မတွေ့သေးဟန်ဖြင့် အခြားပစ္စည်းများကို ထပ်ယူကြည့်နေလေသည်။

ခဏအကြာတွင် ပန်းနုရောင်လေးကို ကောက်ယူလိုက်ပြီး သဘောကျဟန်ဖြင့် ယူမည့်စာရင်းထဲကို ထည့်ခိုင်းထားလိုက်လေသည်။

သိပ်မကြာသောအချိန်တွင် ထိုအမျိုးသမီးနှစ်ဦးသည် အိတ်ကိုယ်စီဖြင့် သူတို့ဝယ်ယူလာသည့် ပစ္စည်းများအကြောင်းပြောရင်း ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထိုစဉ် ဆိုင်ရဲ့ အချိုးအကွေ့တစ်ခုတွင် အောက်ပါပုံပါသော Sticker တစ်ခုကို လှမ်းတွေ့လိုက်ရ၏။





ထိုအမျိုးသမီးနှစ်ဦးရဲ့ မျက်နှာမှာ တည်သွားပြီး သေချာရဲ့လားဆိုသည့်ပုံစံဖြင့် ထို Sticker နားကို မသိမသာဖြင့် တိုးကပ်ကြည့်ကြသည်။ ထို့နောက် ပွတ်ကြည့်ပြန်၏။

"မနက်ဖြန်ပဲ"

တစ်ယောက်က အခြားတစ်ယောက်ကို တိုးတိုးလေး ပြောလိုက်သည်။ ကျန်တဲ့တစ်ယောက်က-

"ငါ ဝယ်ထားတဲ့ လူ ဘယ်လိုဖြစ်မလဲ၊ သိချင်နေပြီ။ ပြီးတော့ ငါ ရက်စက်တဲ့ အကောင်တစ်ကောင်အကြောင်းကိုလည်း တွေ့ထားတယ်။ သူ့ကိုလည်း ဝယ်နိုင်အောင် လုပ်ရဦးမယ်"

"ရှူး တိုးတိုးပြောပါဟဲ့"

သူတို့နှစ်ယောက်သည် စကားမပြောကြတော့ဘဲ ကိုယ်ရှိန်သတ်လိုက်ကြကာ ဘေးပတ်ဝန်းကျင်ကိုလည်း ဟိုကြည့်သည်ကြည့် ကြည့်လိုက်ကြသေး၏။

ပြီးသောအခါမှ ထို Sticker ရှိသော ဆိုင်ထောင့်ချိုးနှင့် ဆန့်ကျင်ရာဘက်သို့ ထွက်သွားကြလေသည်။

ထိုအမျိုးသမီးနှစ်ဦး Sticker တွေ့ခဲ့သော ဆိုင်၏အမည်မှာ-

Always for you Fancy .

ဆိုသည့် ဆိုင်ဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၃၂)

သူတို့ထွက်သွားပြီး သိပ်မကြာခင်တွင် အခြားအမျိုးသမီးလေးယောက်သည်လည်း ထို Sticker ကို မြင်မိသွားကြ၏။

သူတို့လေးယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် မည်သည့်စကားမှမဆိုကြဘဲ ဆိုင်နှင့်ဆန့်ကျင်ရာနေရာဘက်သို့ လျှောက်သွားကြလေ၏။

ထိုသို့လျှောက်နေစဉ် လေးယောက်ထဲမှ တစ်ယောက်က အဖွဲ့ထဲမှာ အကြီးဆုံးဖြစ်ပုံရသောတစ်ယောက်ကို တိုးတိုးလေး ကပ်ပြော၏။

"သမီး သူငယ်ချင်းတစ်ယောက်အတွက်လည်း လက်မှတ်တစ်စောင် ပိုယူရမယ်နော်"

"ဟဲ့. . . အဲဒီလို အပိုယူလို့ရလား၊ ငါလည်း မသိဘူးနော်၊ နင့်သူငယ်ချင်းက ဘာဖြစ်လို့လဲ"



"သူလည်း ယောက်ျားတွေကို တော်တော်စိတ်နာနေတယ်"

အမျိုးသမီးကြီးက ဘာမှမပြောတော့။

ခဏကြာသောအခါတွင် Shopping Mall ရှိ ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်ကြ၏။

ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသော ကော်ဖီဆိုင် ဖြစ်သည်။ သူတို့လေးယောက်မှာ ကောင်တာရှေ့တွင် ရပ်လိုက်ကြသည်။

"ကော်ဖီခါးခါး၊ မုန့်အနက်ရောင်၊ အသည်းကိတ်တစ်ခြမ်းနဲ့ ဓားတစ်လက်ပေးပါ"

ကောင်တာမှ အမျိုးသမီးက သူတို့လေးယောက်ကို သေချာကြည့်သည်။ ပြီးနောက်-

"လေးခုစီလား"

ဟု မေးလိုက်သည်။

"ငါးခု လိုချင်တာ"

"တစ်ခုက. . ."

"မပါလာဘူး"

"ဒါဆို မရပါဘူး၊ နောက်တစ်ခေါက်မှရပါမယ်၊ သူ့နာမည်နဲ့ သိပ်စာတော့ ပေးခဲ့ပေါ့"

ထိုလေးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။ ထို့နောက် ကောင်တာမှ အမျိုးသမီးကို ခေါင်းညိတ်ပြလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အခုစားမယ့်သူ လေးယောက်အတွက်ပဲ ယူသွားပါ့မယ်"

ဟု ပြောလိုက်လေသည်။

ကောင်တာမှ အမျိုးသမီးကလည်း ဗန်းလေးခုနဲ့ မုန့်လေးမျိုးစီထည့်ပေးပြီး သူတို့ရှေ့သို့ ချပေးလိုက်သည်။

သူတို့ကလည်း ကျသင့်ငွေကြေးကို ရှင်းပေးပြီးနောက် ပြေစာစာရွက် ဘောင်ချာကို လှမ်းယူလိုက်ပြီးနောက် ထိုင်ခုံနေရာစီသို့ ပြန်လှည့်လာခဲ့ကြသည်။

ထိုင်ခုံလွတ်နေရာတစ်နေရာတွင် ဝင်ထိုင်လိုက်ကြပြီးနောက် လက်ထဲရှိ ဘောင်ချာစာရွက်ကို ဖြန့်ကြည့်လိုက်ရာ ဘောင်ချာစာရွက်နှင့်အတူ ပုံလေးပုံကို တွေ့ရလေသည်။

■



(၃၃)

အခန်းတစ်ခုထဲတွင် အမျိုးသမီးကြီးသုံးဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ စားပွဲရှည်တစ်ခုတွင် ထိုင်နေကြသည်ကို တွေ့ရသည်။

ထိပ်ဆုံးတွင် အမျိုးသမီးသုံးဦးက ထိုင်နေပြီး သူတို့နှင့် မျက်နှာချင်းဆိုင်တွင် အမျိုးသမီးငယ်လေးက ထိုင်နေခြင်း ဖြစ်သည်။

အမျိုးသမီးသုံးဦး၏ မျက်နှာမှာ ခက်ထန်နေပြီး အမျိုးသမီးငယ်မှာတော့ မျက်နှာကို အောက်ချကာ တစ်ခုခုကို စိုးရိမ် ကြောက်ထန်နေပုံပေါ်နေသည်။

ထိုစဉ် အမျိုးသမီးသုံးဦးထဲမှ တစ်ယောက်က လေသံခပ်မာမာဖြင့် ထပ်ဆူပြန်၏။ အမျိုးသမီးငယ်မှာလည်း ခေါင်းသာတွင်တွင်ငုံ့ထားပြီး ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်နေသည်။

"လွန်ခဲ့တဲ့တစ်နှစ်လောက်က ဒီလိုအဖြစ်အပျက်မျိုး ဖြစ်တုန်းကလည်း နင့်ကြောင့်ပဲ သိသွားတယ်။ အခုတော့လည်း. . ."

www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် တစ်ယောက်တစ်မျိုးစီ ပြောနေကြလေသည်။

ထိုစဉ် . . .

"တီ. . . တီ. . . တီ. . ."

ရုတ်တရက် ဖုန်းထမြည်သောကြောင့် ကောင်မလေးမှာ လန့်သွားပြီး သူ့ရှေ့တွင် တင်ထားသော ဖုန်း Screen ကို ကြည့်လိုက်၏။

ဖုန်းနံပါတ်ကြောင့် စိတ်ရှုပ်သွားပြီး ဖုန်းကို Silent လုပ်ချလိုက်သည်။

"ဟိုကောင်လေးမှတ်လား"

ကောင်မလေးက ခေါင်းညိတ်ပြသည်။

"ဖုန်းနံပါတ်ကို နင်က ပေးထားတာလား"

"မဟုတ်ပါဘူး၊ သူ့သူငယ်ချင်းတစ်ယောက်ဆီက ရသွားတာပါ"

အမျိုးသမီးသုံးယောက်က ဘာမှပြန်မပြောတော့ဘဲ ကောင်မလေးကိုသာ စူးစိုက်ကြည့်နေလေသည်။

ထိုစဉ် အမျိုးသမီးသုံးယောက်ရှေ့ရှိ ဖုန်းသည်လည်း တတီတီနှင့် အသံမြည်လာလေ၏။ Message ဝင်လာခြင်း ဖြစ်သည်။

အနီးစပ်ဆုံးတစ်ယောက်က ဖုန်းကိုယူပြီး ကြည့်လိုက်၏။ ပြီးနောက် ဖုန်းကို လက်ဆင့်ကမ်းလိုက်သည်။

"ခုနက Message ပဲ ပြန်ပို့တာ"



You can't kill me.

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"သူ့ကို ငါတို့တွေက ကားတိုက်အောင်၊ သူ့အပေါ် တစ်ခုခုပြုတ်ကျပြီးသေအောင် လုပ်မယ်လို့များ ထင်နေလား မသိဘူး"

"ဟုတ်လိမ့်မယ်"

ခဏအကြာတွင် နောက်ထပ် Message တစ်ခု ဝင်လာပြန်၏။

Kill the men festival ကို တစ်ခေါက်လာဦးမယ်။

ဖုန်းကိုင်ထားသည့် အမျိုးသမီးက အလျင်အမြန်ပဲ Message ပြန်ပို့လိုက်သည်။

မနက်ဖြန် ည ၁၂:၀၀ နာရီလောက်မှာ သေဆုံးမှာဖြစ်တဲ့အတွက် လာလည်း ဘာမှမထူးပါဘူး။

ကျွန်တော်က မနက်ဖြန် တစ်နေကုန် တစ်ညလုံး အိမ်ထဲမှာနေမှာဗျ။ အကယ်၍များ သေဆုံးခဲ့မယ်ဆိုရင်လည်း ဒီပို့ခဲ့တဲ့ Message တွေကို အခြေခံပြီး ကျွန်တော့်အိမ်က တရားခံကို လိုက်ရှာမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



Message ကိုဖတ်ကြည့်ပြီး သုံးယောက်သား ပြုံးလိုက်ကြသည်။ သူတို့ပို့လိုက်သော Message သည် Auto Delete Software (တစ်ဖက်ဖုန်းထဲတွင်ဖတ်ပြီး အလိုအလျှောက်ပျက်စနစ်) တပ်ဆင်ထားသည်ကို ကောင်လေး မသိသောကြောင့် ဖြစ်သည်။

ကောင်လေးကို Message ပြန်မပို့ဘဲ နေလိုက်သည်။ ထို့နောက် သူတို့ရှေ့ရှိ ကောင်မလေးရှေ့ကို ပြန်လှည့်ကာ-

"နင့်ဖုန်းကို ငါတို့ဆီ ပြန်ပေးခဲ့ပါ"

ကောင်မလေးက ဖုန်းကို သူတို့ရှေ့သို့ ညင်ညင်သာသာလေး ထိုးပေးလိုက်သည်။

ထိုစဉ် သူတို့ဖုန်းထဲသို့ နောက်ထပ် Message တစ်ခု ရောက်လာပြန်သည်။

"ဟင်. . ."

■



(၃၄)

မိုးတိမ်သည် သူ Shopping Mall ထဲ ရောက်နေကြောင်း ပို့လိုက်သောအခါတွင် တစ်ဖက်မှ Message ပြန်မလာတော့ချေ။

တကယ်တော့ သူသည် ပင်စိမ်းချိုကို ဖုန်းဆက်မရသောကြောင့် တစ်ယောက်တည်းပျင်းနေတာနဲ့ Shopping Mall သို့ ထွက်ခဲ့ခြင်းဖြစ်သည်။

Message ကိုလည်း Shopping Mall ရှိ ခုံတန်းတစ်ခုတွင် ထိုင်ရင်း ပို့နေခြင်း ဖြစ်သည်။

နောက်ဆုံး Message ပို့ပြီးနောက် ပတ်ဝန်းကျင်ကို လျှောက်ကြည့်နေလိုက်သည်။ Shopping Mall ပိတ်ဖို့အတွက် ၂ နာရီလောက်လိုနေသောကြောင့် လူများနေသေးသည်။

ထိုစဉ် သူ့ရှေ့ခပ်လှမ်းလှမ်းရှိ ဆိုင်ထောင့်ချိုးလေးတစ်ခုတွင် အမျိုးသမီးတစ်ဦးသည် Sticker လေးတစ်ခုကို လက်နဲ့ပွတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေတာ တွေ့ရ၏။

ရုတ်တရက် သူ၏မျက်လုံးများသည် ဆိုင်နာမည်ကို အမှတ်မထင် လှမ်းကြည့်မိလိုက်၏။

"ဟာ. . ."

**Love and Life Gift Shop**

အရုပ်ရတတ်သည့် ဆိုင်ရှစ်ဆိုင်ထဲမှ တစ်ဆိုင်ဖြစ်နေလေသည်။

မိုးတိမ်မှာ တစ်ခုခုကို မသ်ကာဖြစ်သွားပြီး ထိုအမျိုးသမီးကို စူးစိုက်ကြည့်နေလိုက်၏။

ထိုအမျိုးသမီးသည် Sticker အား ပွတ်ကြည့်ပြီးနောက် လက်ချိုး ရေတွက်နေလေသည်။

ပြီးနောက် ဆိုင်၏တစ်ဖက်ထဲသို့ ချိုးကွေ့ဝင်သွားလေသည်။ မိုးတိမ်လည်း ထိုင်ခုံမှ ခပ်မြန်မြန်ထပြီး ထိုအမျိုးသမီးနောက်သို့ ခပ်သွက်သွက် ပြေးလိုက်သွားရသည်။

ခဏကြာသောအခါတွင် ထိုအမျိုးသမီးသည် ကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်သွားတာကို တွေ့ရ၏။

မိုးတိမ်လည်း သူ့နောက်မှ မသိမသာ ဝင်လိုက်သွားကာ ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်နေလိုက်၏။



ထိုအမျိုးသမီးကတော့ ကောင်တာဆီသို့ တန်းသွားပြီး-

"ကော်ဖီခါးခါး ဖုန့်အနက်ရောင်၊ အသည်းကိတ်တစ်ခြမ်းနဲ့ ခေါ်တစ်လက်ပေးပါ"

ဟု မှာလိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ထိုစဉ် အခန်းတစ်ခုအတွင်းမှ အမျိုးသမီးကြီးသုံးဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ ထွက်လာကြ၏။

သူတို့၏ ခြေလှမ်းများက မြန်နေကြသည်။

အမျိုးသမီးကြီးသုံးဦးကတော့ စကားတပြောပြောနှင့် တီးတိုးတီးတိုး တိုင်ပင်ရင်း လျှောက်နေကြသော်လည်း အမျိုးသမီးငယ်ကတော့ ဟိုကြည့်သည်ကြည့်နဲ့ လိုက်ပါလာခဲ့သည်။

တစ်နေရာအရောက်တွင် ကော်ဖီဆိုင်၌ထိုင်နေသော အင်္ကျီအနီဝတ်ထားသည့် အမျိုးသားတစ်ဦးကို တွေ့လိုက်ရသည်။

ရုတ်တရက် ထိတ်လန့်သွားပြီး သူမကို မြင်သွားမလားဆိုသည့် ပုံစံဖြင့် စိုးရိမ်သွားကာ အမျိုးသမီးကြီးတစ်ဦးနားသို့ အလျင်အမြန်ကပ်နေလိုက်သည်။

စိတ်လှုပ်ရှားနေ၏။

ချိတုံချတုံဖြစ်နေကာ တစ်ခုခုကိုလည်း တွေဝေနေလေသည်။

ထိုကော်ဖီဆိုင်ကိုကျော်ပြီးမှသာ သက်ပြင်းချနိုင်သော်လည်း စိတ်ထဲမှာတော့ လေးလံနေ၏။

အမျိုးသမီးသုံးဦးကိုလည်း တစ်ချက်ကြည့်လိုက်သည်။

သူတို့ကတော့ သူမ ဖြစ်နေသည့် အခြေအနေကို မရိပ်မိကြဘဲ စကားပြောကောင်းနေကြဆဲ ဖြစ်သည်။

လက်က ချွေးစေးတို့ ပြန်နေသည်။

သူ သုံးနှစ်လုံးလုံး ကြောက်ခဲ့ရသည့် အမျိုးသမီးသုံးဦးရှေ့မှာ ဘာလုပ်လို့လုပ်ရမှန်းမသိသည့် အခြေအနေ ဖြစ်သည်။

မကြာသောအချိန်တွင် သူတို့ ဦးတည်သွားနေသည့် ဆိုင်တစ်ဆိုင်ရှေ့ကို ရောက်လာခဲ့၏။

ထိုဆိုင်ထဲသို့မဝင်ခင် စိတ်ကို ဆုံးဖြတ်ချက်ချလိုက်၏။

"ကျွန်မ အိမ်သာခဏ သွားလိုက်ဦးမယ်"

အမျိုးသမီးသုံးဦးက သူမစကားကြောင့် လှည့်ကြည့်သည်။ ခေါင်းညိတ်ပြလိုက်ပြီး-

"မကြာစေနဲ့၊ အလုပ်ရှိသေးတယ်"

ဟုဆိုကာ ဆိုင်ထဲသို့ ဝင်သွားလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၆)

ပင်စိမ်းချိုသည် နီးစပ်ရာဆိုင်မှ ဘောင်ချာအစုတ်နှင့် ဘောပင်တစ်ချောင်းကို ခဏငှားယူပြီးနောက် စာကြောင်းအနည်းငယ်ကို ခပ်မြန်မြန် ချရေးလိုက်သည်။

ဘေးပတ်ဝန်းကျင်ကိုလည်း သေချာကြည့်နေရသေး၏။ တစ်ယောက်ယောက် တွေ့သွားပါက မိမိပါ ဒုက္ခရောက်နိုင်သည်။

စာကို လက်ထဲတွင် ခေါက်ထားလိုက်ပြီး ခုနက ကော်ဖီဆိုင်နားကို ထွက်လာခဲ့သည်။

ကော်ဖီဆိုင်ထဲတွင် ခုနကလူ မရှိတော့သောကြောင့် ဘာလုပ်ရမှန်းမသိဖြစ်ပြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

ဘေးပတ်ဝန်းကျင်ကိုလည်း ချက်ချင်းဆိုသလိုပင် လိုက်ရှာကြည့်၏။ ခပ်လှမ်းလှမ်းတွင် ခုနက အမျိုးသားကို တွေ့လိုက်ရသောကြောင့် လိုက်သွားမလို့ပြင်စဉ်တွင် အမျိုးသမီးတစ်ယောက်က



သူ့ကို ကြည့်နေသည်ဟု ခံစားရသောကြောင့် ပတ်ဝန်းကျင်ကို တစ်ချက် ပြန်ကြည့်လိုက်သည်။

မသေချာသော်လည်း ဟုတ်နိုင်လောက်သည်။

ဘယ်လိုလုပ်ရမလဲ။

ချွေးများထွက်လာပြီး ရောက်ယက်ခတ်သွားသည်။

ဒီထက်ပိုကြာနေပါက မဖြစ်တော့သောကြောင့် ချက်ချင်းပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ဒီမှာ. . . "

ရှေ့ခပ်လှမ်းလှမ်းတွင် သန့်ရှင်းရေးလုပ်နေသော လူငယ်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ဟုတ်ကဲ့၊ ဘာအကူအညီပေးရမလဲ"

"ကျွန်မကိုလေ ဟိုမှာ လမ်းလျှောက်သွားတဲ့ အကျီအနီနဲ့ ရေဗူးကိုင်ထားတဲ့ အမျိုးသားကို တွေ့လား. . . "

"ဪ. . . တွေ့တယ်"

"သူ. . . ဘောင်ချာကျန်ခဲ့လို့ တစ်ချက်လောက် ပြေးပြီး ပေးပေးပါလားရှင်"

"ဟာ. . . ရပါတယ်"

လူငယ်မှာ သူ့လက်ထဲက ဘောင်ချာကိုယူပြီး ထိုအမျိုးသား နောက်သို့ ခပ်သွက်သွက်ကလေး ပြေးလိုက်သွား၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၇)

"ဟော့လူ. . . ဟော့လူ"

နောက်က ခေါ်သံကြောင့် ရှေ့ကို အာရုံစိုက်နေသော မိုးတိမ်မှာ ခြေလှမ်းများ တုံ့ခနဲဖြစ်သွား၏။

နောက်လှည့်ကြည့်သောအခါ သန့်ရှင်းရေးကောင်လေး တစ်ယောက်ကို တွေ့ရသည်။ သူနဲ့သိသော ကောင်လေးတော့မဟုတ်။

"ဒီမှာ. . . ဆိုင်တစ်ဆိုင်က ဘောင်ချာလိုက်ပေးခိုင်းလို့. . ."

"ဘာ. . . ဘာကို. . ."

သူ ဘာမှမပြောခင်ဘဲ လက်ထဲသို့ ထည့်ပေးသွားကာ သူ့ရှေ့မှ ပြန်ထွက်သွား၏။

သူလည်း ကြောင်သွားပြီး လက်ထဲတွင်ရှိသော ဘောင်ချာစာရွက်ကို ပြန်ကြည့်လိုက်သည်။

စာရင်းများကို တွေ့ရသည်။ မျက်မှောင်ကြုတ်လိုက်ပြီးနောက် တစ်ဖက်ကို လှန်ကြည့်လိုက်သည်။

"ဟင်. . ."

လက်ရေးခပ်သော့သော့နှင့် ရေးထားသောစာကြောင်းအချို့ကို တွေ့ရသည်။

*မနက်ဖြန် ည ၁၁ နာရီခွဲလို့မှ ဆေးတစ်မျိုး မရခဲ့ရင် ရှင်သေလိမ့်မယ်။*

သူ ပြုံးလိုက်သည်။ သို့သော် သူ့အပြုံးသည် အောက်စာကြောင်းများကြောင့် ကြာရှည်မခံဘဲ လွန်စွာ ထိတ်လန့်သွားလေသည်။

*ရှင့်ကို အဲဒီညကတည်းက ရှင်သောက်ခဲ့တဲ့ ရေထဲမှာ အဆိပ်ခတ်လိုက်ပြီးပြီ။ အဲဒီအဆိပ်က ရေဆာလေ့ရှိတယ်။ ရေများများသောက်က ပိုပြန့်လွယ်တယ်။*

*ကျွန်မကို ခွင့်လွှတ်ပါ။*

လက်ထဲကရေဗူး ပြုတ်ကျသွားသည်။

ချွေးများပြန်လာပြီး ရေဆာသလိုလည်း ဖြစ်လာသည်။ နောက်ကိုပြန်လှည့်ကြည့်သောအခါတွင် ခုနက ကောင်လေးကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတော့။

မနက်ဖြန် ည ၁၁ နာရီခွဲမှာ ဆေးမရရင်. . .

ဘာကို ပြောတာလဲ၊ ဆေးက ဘယ်မှာလဲ။

ခုနက နောက်ယောင်ခံလိုက်ကြည့်နေသော အမျိုးသမီးကို လည်း မတွေ့ရတော့. . . ။

လမ်းလယ်ခေါင်မှာ ကြက်သေသေပြီး ရပ်နေမိသလို စိတ်ထဲ မှာလည်း ရှုပ်ထွေးနေမိသည်။

ပင်စိမ်းချို. . . ။

ရုတ်တရက် သူမနာမည်က ခေါင်းထဲဝင်လာပြီး ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူ ဒီ Shopping Mall ထဲမှာ ရှိရမည်။

သူ ဒီ Shopping Mall ထဲမှာ ရှိရမည်။

သို့သော် လိုက်ရှာလို့လည်း တွေ့နိုင်မည်မဟုတ်တော့။ ဘာ လုပ်ရမလဲ။

ပြုတ်ကျသွားသော ရေဗူးကို ပြန်ကောက်ကာ တစ်ကျိုက် မော့ချလိုက်၏။

ငါ့ကို ခြောက်လှန့်တာပဲလား။

ထိုအတွေးကလည်း ဝင်လာပြန်သည်။

မဖြစ်တော့ မဖြစ်နိုင်၊ သူ အခုတလော ရေတော်တော် သောက်ဖြစ်နေတာကို ပြန်တွေးမိနေသည်။



ဒါဆို မနက်ဖြန်ည ၁၁း၃၀ နာရီမှာ ဆေးမရခဲ့ရင်. . . ဆုံးဖြတ်ချက်တစ်ခု ချက်ချင်းချလိုက်သည်။

သူ၏ ခြေလှမ်းများကို Sticker တွေ့ခဲ့သောဆိုင်သို့ ဦးတည် လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၈)

လူအရိပ်အကဲကိုကြည့်ပြီးနောက် Sticker လေးကို ပွတ်ကြည့်လိုက်၏။ ပင့်ကူနှင့် ပင့်ကူအိမ်ပုံဖြစ်ပြီး မသိမသာ ဖောင်းနေတာကို တွေ့ရသည်။

ဘာမှန်းမသိသော်လည်း ဂဏန်းအချို့ဟု ယူဆလို့ရသည်။ ထပ်ပွတ်ကြည့်ပြန်၏။

(၂)လိုလို ဂဏန်းဟုတော့ စိတ်ထဲ ထင်မိသည်။

အမျိုးသမီးတစ်ယောက်က သူ့ကို ရုတ်တရက်ကြည့်သွားတာကို တွေ့လိုက်ရသောကြောင့် လက်ကို ထို Sticker ပေါ်မှ ခပ်မြန်မြန် ဖယ်လိုက်ရသည်။

ထိုအမျိုးသမီး အဝေးကိုရောက်သွားမှပဲ နောက်တစ်ကြိမ် ထပ်ပွတ်လိုက်၏။

"ရက်စွဲတစ်ခုပဲ"



စိတ်ထဲမှာ ရေရွတ်လိုက်ပြီး ရေးထားသောရက်ကို တွက်ကြည့်လိုက်၏။

"မနက်ဖြန်ပဲ"

ထို့နောက် ရှေ့ဘက် ခပ်လှမ်းလှမ်းရှိခုံပေါ်တွင် ပြန်ထိုင်နေလိုက်သည်။

ဒီပင့်ကူပုံက Kill the men Festival ကို ရည်ညွှန်းတာ။ ပင့်ကူအိမ်ဆိုတော့ အားလုံးကို ဖမ်းစားမည့်သဘော ဖြစ်မည်။ ဒါဆို ပွဲကတော့ မနက်ဖြန်ရှိတာ သေချာနေသည်။ သို့သော် အရင်တစ်ခေါက်ကလို တစ်နေရာရာမှာ ပုန်းနေပြီးတော့ Shopping Mall ပိတ်ပြီးမှ ထွက်လို့တော့ ရမည်မထင်။

သို့သော် ထိုဝင်လာသော အမျိုးသမီးများကလည်း ဘယ်ကနေ ဝင်လာကြသနည်း။ Shopping Mall တံခါးတွေ အကုန်ပိတ်ထားသောကြောင့် အပြင်ကနေ ဒီအတိုင်းဝင်လာတာတော့ ဖြစ်နိုင်မည်မထင်။

တစ်ခုခုတော့ ရှိရမည်။

ထိုသို့ တွေးနေစဉ်မှာပဲ အမျိုးသမီး ငါးယောက်သည် Sticker နားတွင် မယောင်မလည်လုပ်ကာ ပွတ်ကြည့်နေသည်ကို သူမ်းတွေ့လိုက်ရ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၉)

"ကော်ဖီခါးခါး၊ မုန့်အနက်ရောင်၊ အသည်းကိတ်တစ်ခြမ်းနဲ့ ခေါက်ဆွဲ
ခေါ်မှာ..."

"ကော်ဖီခါးခါး၊ မုန့်အနက်ရောင်၊ အသည်းကိတ်တစ်ခြမ်းနဲ့ မားတစ်လက်ပေးပါ"

"ဘယ်နှခုစီလဲ"

"ငါးခုစီပါ"

ကောင်တာက အမျိုးသမီးက ဗန်းငါးဗန်းပေါ်တွင် သူတို့မှာသော မုန့်များကိုတင်ကာ ပေးလိုက်သည်။

ကျသင့်ငွေကိုရှင်းပြီးနောက် ဘောင်ချာရှင်းပေးသည်။ ထိုအမျိုးသမီးငါးဦးသည် ခုံလွတ်နေရာတွင် ဝင်ထိုင်လိုက်တာကို တွေ့ရသည်။ ထို့နောက် ဘောင်ချာကိုင်လာသော အမျိုးသမီးက ဘောင်ချာခေါက်ထဲမှ စာရွက်ငါးရွက် ထုတ်လိုက်သည်ကို တွေ့ရ၏။

"ဟင်. . ."



ခုနက ထိုင်ကြည့်နေသော အမျိုးသမီးတွင် ထိုစာရွက်လေးတို သတိမထားမိသောကြောင့် မိုးတိမ်မှာ စိတ်ဝင်တစားနှင့် သေချာကြည့်နေမိသည်။

ဘောင်ချာကိုင်ထားသော အမျိုးသမီးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီးနောက် ပုံများကို တစ်ယောက်တစ်ခုစီ ပေးလိုက်သည်။

ဘောင်ချာ. . .။

ပင်စိမ်းချိုက ဘောင်ချာပေါ်မှာ စာရေးပေးလိုက်တာဆိုတော့ ဘောင်ချာကို သတိထားမိစေလိုတဲ့သဘောလား။

ဖြစ်နိုင်သည်။

မိုးတိမ်သည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ထိုအမျိုးသမီးများရှိရာသို့ လျှောက်လိုက်၏။

အမျိုးသမီးသုံးဦးက သူတို့လက်ထဲတွင်ရှိသောပုံကို အိတ်ထဲထည့်လိုက်၏။ သူ့ခြေလှမ်းက နှေးနေသည်။

ခပ်မြန်မြန် သွားရသည်။

တစ်ယောက်က သူ့ပုံကို အိတ်ထဲထည့်လိုက်ပြန်၏။

စိုးရိမ်သွားပြီး ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်ရာ ခုံစောင်းတစ်ခုကို မမြင်ဘဲ တိုက်မိကာလဲကျသွားလေ၏။

"ခွပ်"

"အား. . ."

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးများ၏ စားပွဲနားတွင် လဲကျသွားခြင်း ဖြစ်သည်။

ထိုစဉ်မှာပဲ နောက်ဆုံးအမျိုးသမီးသည် သူ့လက်ထဲကပုံကို အိတ်ထဲသို့ အလျင်အမြန် ထည့်လိုက်လေ၏။

မိုးတိမ်ကလည်း နာနေသည့်ကြားမှပင် ထိုပုံကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။





(၄၀)

အမျိုးသမီးသုံးဦးသည် ပင်စိမ်းချိုဝင်လာသည်ကို **တစ်ချက်**လေးငဲ့ကြည့်လိုက်ပြီးနောက် ဆက်လုပ်စရာရှိသည့်**ကိစ္စများကို** ဆက်လုပ်နေလေ၏။

ပင်စိမ်းချိုသည်လည်း သူလုပ်စရာရှိသည့်ကိစ္စများကို **ဆက်**လုပ်နေလေ၏။ ထိုစဉ် အမျိုးသမီးတစ်ဦးဝင်လာပြီး သူတို့**သုံးဦးထဲ**မှ တစ်ဦးကို စာလေးတစ်စောင် ပေး၏။

စာကိုဖတ်ပြီး မျက်မှောင်ကျုတ်လိုက်သည်။

ထို့နောက် နောက်တစ်ယောက်ကို ကမ်းပေးလိုက်၏။

ခဏကြာသောအခါ သူတို့သုံးယောက်သည် တစ်ဖက်ရှိ **အမျိုး**သမီးငယ်ဘက်သို့လှည့်ကာ-

"ပင်စိမ်းချို"

ဟု လေသံ ခပ်မာမာဖြင့် ခေါ်လိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၄၁)

"နင် ပထမအခေါက်အတိုင်း ထပ်လုပ်ပြန်ပြီ"

ပင်စိမ်းချိုသည် ခေါင်းလေးငုံ့ထား၏။

မျက်ဝန်းက မျက်ရည်များလည်း တဖြည်းဖြည်း စီးကျနေလေသည်။ သူ့ရှေ့တွင်လည်း ဒေါသတကြီးကြည့်နေသော မျက်လုံးများကြောင့် စိုးရွံ့နေလေသည်။

"နင် ဘာလုပ်မလဲ"

ပင်စိမ်းချိုသည် ဆတ်ခနဲ မျက်နှာကို မော့လိုက်ပြီး-

"ကျွန်မ တောင်းပန်ပါတယ် အလုပ်တော့ မထုတ်ပါနဲ့၊ တောင်းပန်ပါတယ်"

အမျိုးသမီးသုံးဦးစီမှ သက်ပြင်းချသံကိုယ်စီကြားလိုက်ရသည်။

"သူ့ကို နင် ဘာရေးပေးလိုက်တာပဲ"

ပင်စိမ်းချိုသည် ရှေ့ရှိစာရွက်ပေါ်တွင် စာသားအချို့အား



ချရေးလိုက်ပြီး အမျိုးသမီးသုံးဦးရှေ့သို့ တိုးပေးလိုက်သည်။

အမျိုးသမီးသုံးဦးကလည်း ယူဖတ်ကြည့်ပြီးနောက်-

"ဒါပဲလား"

"ဟုတ်ကဲ့၊ ဒါပဲ ရေးပေးလိုက်တာပါ"

"အခု သူက သဲလွန်စ လိုက်ရှာနေတယ်လို့ ပြောတယ်"

ပင်စိမ်းချို ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

အမျိုးသမီးကပဲ ဆက်ပြောသည်။

"ဒီအတိုင်းဆိုရင် သူ ငါတို့ဆီ ဘယ်လိုဝင်ရမလဲဆိုတာ သိသွားရင် အဆင်မပြေနိုင်ဘူး။ နင့်ကို သံယောဇဉ်ရှိလို့သာ ငါတို့တွေ ဘာမှမလုပ်တာ"

"ဟုတ်. . . ဟုတ်ကဲ့ သိပါတယ်"

"ငါမေးပါဦးမယ်"

"ဟုတ်ကဲ့"

"နင်က ဘာဖြစ်လို့ သူ့ကို ကူညီချင်နေရတာလဲ"

ပင်စိမ်းချို ပြန်မဖြေဘဲ ငြိမ်နေလိုက်သည်။

"ဖြေလေ"

"ဟုတ်. . . ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ"

"သူ. . . သူက ရိုးသားတယ်ထင်လို့ပါ"

အမျိုးသမီးသုံးယောက် မျက်နှာများမှာ ပိုပြီးတည်ငြိမ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"သူ့မှာ အရင်တုန်းက ရည်းစားကို ပစ်သွားဖူးတယ်လေ"

"ဒါပေမယ့်. . . ဟို. . . ကိစ္စ. . . က သေမှ မသေချာဘဲ"

"အေးလေ၊ ညည်းပုံစံကြည့်ရတာ သူ့အပေါ်တော့ သနား နေပုံပါပဲ။ ဒါပေမယ့် သူက ငါတို့အကြောင်းကို အကုန်သိနေပြီ"

အခန်းထဲတွင် ပြန်လည် တိတ်ဆိတ်သွားသည်။

အဲယားကွန်းသံမှတစ်ပါး အခြားဘာသံမှ မကြားရချေ။

အသက်ရှူသံ။ ဟုတ်သည်။ အသက်ရှူသံမှတစ်ပါး ဘာသံမှ မကြားရချေ။

ထိုစဉ်-

"နင့်ကို ငါတို့ အလုပ်ထုတ်ပစ်ရတော့မယ်"

"ဟင်. . ."

ပင်စိမ်းချို၏ မျက်နှာသည် သွေးမရှိတော့သလို ဖြူဖတ်ဖြူရော် ဖြစ်သွားလေ၏။

"မလုပ်. . . မလုပ်ပါနဲ့၊ ကျွန်မ. . . ဘာမဆိုလုပ်ပေးပါ့မယ်၊ အလုပ်တော့ မထုတ်ပါနဲ့"

ကြောက်လန့်တကြားပြောသံကြောင့် အမျိုးသမီးသုံးဦးမှာ အနည်းငယ် ပြန်ငြိမ်သွားသည်။ ပင်စိမ်းချိုကတော့ သူတို့ကို တောင်း ပန်သည့်မျက်ဝန်းများဖြင့် ကြည့်နေကြသည်။

"ငါတို့ နင့်ရဲ့ အခြေအနေကိုသိလို့ ဒီအထိ သည်းညည်းခံပေး



နေတာပါ။ ကျန်တဲ့အပိုင်းတွေမှာ တာဝန်ယူထားကြတဲ့လူတွေဆို ရင် ငါတို့က ဘာမှမေးမနေတော့ပါဘူး"

"ဟုတ်. . . ဟုတ်ကဲ့ သိပါတယ်"

ပင်စိမ်းချို ခေါင်းပြန်ငုံ့သွားသည်။

သူ့အတွေးထဲမှာ စိုးရိမ်ဖွယ်ရာမျက်နှာတစ်ခု ပေါ်လာ၏။ ပျော့တော့သော မျက်ဝန်းများ၊ အားကိုးသည့် အကြည့်များဖြင့် ကြည့်နေသည့် မျက်ဝန်းတစ်ခုကို အတွေးထဲမှာ ဖျောက်ဖျက်လို့ မရဘဲ ဖြစ်နေသည်။

လက်ချောင်းများကို တစ်ခုချင်းစီ ပွတ်ထားလိုက်ပြီး သူတို့ ဆက်ပြောမည့်စကားကိုသာ နားစွင့်ထားလိုက်သည်။

"ပင်စိမ်းချို"

"ရှင်"

ခေါင်းကိုမော့လိုက်၏။

"နင် အလုပ်မထွက်ချင်ဘူးဆိုရင် ငါတို့နဲ့ အပေးအယူ တစ်ခု တော့ လုပ်ရမယ်"

တွေဝေမနေတော့ဘဲ ခေါင်းကို အမြန်ညိတ်ချလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ငါ့ကို
ရွေးချယ်နေပြီ
နင် ငါ့ကို
ခွင့်လွှတ်ပါ

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)

မနက်စောစော အိပ်ရာမှနိုးနိုးချင်း ခုတင်ပေါ်ကနေ ကမန်းကတန်း ထလိုက်သည်။ ရေအရမ်းဆာလာသောကြောင့် ညက ယူထားသော ရေပုလင်းကို လှမ်းယူလိုက်ရာ ရေတစ်စက်မှ မရှိတော့သောကြောင့် အောက်ထပ်ကို မြန်မြန်ဆင်းပြီး ရေခဲသေတ္တာထဲကရေကို မော့သောက်ရသည်။

ထိုအခါမှ နေသာထိုင်သာရှိသွားပြီး ထမင်းစားပွဲပေါ်သို့ စိတ်ညစ်ညစ်နဲ့ ထိုင်ချလိုက်သည်။

သူ တကယ်ပဲ -ဒီည သေဆုံးတော့မှာလား။

ထိုအတွေးက ခေါင်းထဲ ဝင်လာသည်။

ညကတည်းက ထိုကိစ္စကို စဉ်းစားရင်းနဲ့ ဘယ်လို အိပ်ပျော်သွားမှန်းတောင် မသိတော့။ ယခု ရေအဆာပြေသွားသောကြောင့် မနေ့ကပုံကိစ္စအကြောင်း ခေါင်းထဲရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရထားပုံနှင့် ဆိုင်းဘုတ်တစ်ခု။

ထိုပုံက ဘာကိုဆိုလိုတာလဲ။

ရထား. . . ။

ရထားတစ်စင်း. . . ။

ဒါမှမဟုတ်. . . ။

ဘူတာရုံကို ဆိုလိုတာလား။

Shopping Mall နဲ့ မနီးမဝေးမှာ ရထားဘူတာရုံတစ်ခု ရှိတာကိုတော့ သူ သိသည်။

အဲဒါကို ပြောတာလား။

ဒါဆို အဲဒီဘူတာနဲ့ Shopping Mall ထဲကို ဝင်တာနဲ့ ဘာဆိုင်လို့လဲ။

ဒါမှမဟုတ် ရထားစီးသွားရမှာလား။

ခေါင်းကို ခါယမ်းလိုက်သည်။

ရေပုလင်းထဲကရေကို တစ်ကျိုက်ထပ်မော့လိုက်ပြီး ပုလင်းကို ရေခဲသေတ္တာထဲ ပြန်ထည့်ထားလိုက်သည်။

အပေါ်ထပ်ကို ပြန်တက်လိုက်ပြီး မျက်နှာသစ်၊ သွားတိုက်ကာ လန်းသွားအောင် ရေချိုးလိုက်၏။

ထို့နောက် Shopping Mall နဲ့ မနီးမဝေးရှိ ဘူတာရုံကို သွားကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

■

(၄၃)

ဘူတာရုံလေးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ခရီးသည်များ အပြန်အလှန် အော်ဟစ်သံများမရှိဘဲ လက်မှတ်ရောင်းသောသူတစ်ယောက်သာ ရှိသည်။

ထိုသူသည်လည်း အိပ်ငိုက်နေလေ၏။

ရထားအချိန်စာရင်းကို အမှတ်မထင်ကြည့်လိုက်ရာ ရထားနောက်တစ်စင်းဆိုက်ဖို့အတွက် ဆယ့်ငါးမိနစ်လောက်လိုနေသေးတာကို တွေ့ရသည်။

ဘူတာရုံရှိ ခုံတန်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ဘူတာရုံတော့ ရောက်လာခဲ့ပြီ ဖြစ်သည်။

ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိချေ။

ပတ်ဝန်းကျင်မှာပဲ အမှတ်သင်္ကေတ ရှိလိုရှိငြား ရှာကြည့်လိုက်သည်။ တစ်ခုခု အဓိပ္ပာယ် သက်ရောက်သောစာသား (သို့)

www.burmeseclassic.com

www.burmeseclassic.com



ပုံတစ်ပုံမှ မတွေ့ချေ။

ထို့ကြောင့် သက်ပြင်းချလိုက်ပြီး ခုံပေါ်တွင် ပြန်ထိုင်ချလိုက်သည်။ ဘယ်လိုဖြစ်လို့ အဲ့ဒီပုံထဲမှာ ရထားပုံ ပါနေရတာလဲ။

ခေါင်းပြုတ်နေတဲ့ပုံ သင်္ကေတကရောဘာလဲ။

စိတ်ရှုပ်လာသောကြောင့် ရထားဘူတာရုံ ဆိုင်းဘုတ်ကို ကြည့်မိလိုက်သည်။ ထိုအခါ အတွေးတစ်ခု ရသွားပြီး ထိုင်နေရာမှထကာ အိပ်ငိုက်နေသော လက်မှတ်အရောင်းသမားကို-

"အစ်ကို. . . အစ်ကို"

"ဟင်. . . ဘာလဲ၊ ရထား လာပြီလား"

သူ့စကားကြောင့် စိတ်ရှုပ်နေရင်းနဲ့ ရယ်ချင်သွားမိသည်။

"မဟုတ်ပါဘူး မေးစရာရှိလို့ပါ"

ထိုအခါ သူက နည်းနည်းတင်းသွားပုံပေါက်ပြီး-

"ဘာပေးမလို့လဲ"

"ဟို. . . Shopping Mall နဲ့ အနီးဆုံးက ဒီဘူတာလား"

"နှစ်ခု ရှိတယ်. . . ဒီဘူတာက အရှေ့ဘက်နဲ့ ပိုနီးတယ် နောက်တစ်ဘူတာက အနောက်ဘက်နဲ့ ပိုနီးတယ်"

"ဒါဆို ဒီကနေ ရှေ့ဆက်သွားရင် တွေ့တဲ့ဘူတာလား"

"ဟုတ်တယ်"

"ဒါဆို နောက်ထပ်ရထားလာဖို့ ရှိသေးလား"



"နောက် ၁၀ မိနစ်ဆိုရင် ရောက်မယ်"

"တစ်စောင်လောက်ဗျာ၊ ရှေ့ဘူတာပဲ"

လက်မှတ်ရောင်းတဲ့သူက သူ့ကို သေချာကြည့်နေပြီး လက်မှတ်တစ်စောင်ပေး၏။

သူလည်း ကျသင့်ငွေရှင်းပြီး ခုံတွင် ခပ်တည်တည်နဲ့ ပြန်ထိုင်နေလိုက်သည်။ ခဏအကြာတွင် ရထားစီးရန်အတွက် ခရီးသည်များ တဖွဲဖွဲရောက်လာကြသည်။

လက်မှတ်ဝယ်သူ၊ စကားအပြန်အလှန်ပြောသူများနှင့် ဆိတ်ဆိတ်နေတဲ့ ဘူတာရုံကလေးသည် ဆူညံမှုများနှင့် ပြည့်သွားလေ၏။

နောက်ဆယ်မိနစ်လောက်ကြာသောအခါတွင် ဘူတာရုံသို့ ရထားတစ်စင်း ဆိုက်လာတာကို တွေ့လိုက်ရသည်။

■

www.burmeseclassic.com



(၄၄)

ဒုတိယဘူတာရုံသည် ခုနက ဘူတာနဲ့ သိပ်မခြားချေ။ ရထားဆိုက်ပြီး သိပ်မကြာခင်တွင် လူအများလည်း တစ်စတစ်စ ပျောက်သွားကြကာ ဘူတာရုံတစ်ခုလုံး တိတ်ဆိတ်သွားပြန်၏။

ယခု ဘူတာရုံတွင်လည်း ခုနကဘူတာရုံလို တစ်ခုခုများ တွေ့မလားဆိုပြီး ရှာကြည့်မိပြန်သည်။

အသေးစိတ် ဘယ်လိုရှာရှာ မတွေ့သောကြောင့် စိတ်မော လူမောဖြစ်လာသည်။

ရေကလည်း ဆာလာပြန်သည်။

ထို့ကြောင့် ဘူတာရုံအနီးရှိဆိုင်တွင် ရေဗူးတစ်ဗူး ဝယ်ရ ပြန်သည်။

တစ်ကျိုက်တည်းမော့ချလိုက်ရာ တစ်ဝက်ပင် ကျိုးသွား၏။ ထိုစဉ် ဘူတာရုံဘေးရှိ လမ်းဘက်သို့ အမှတ်မထင် ကြည့်မိလိုက်သည်။



"ဟင်. . ."

မူလ ရှိပြီးဖြစ်သည့် ဆိုင်းဘုတ်အဟောင်းကို ပြင်ရေး ထားပုံရသော ဆိုင်းဘုတ်ထူထားသည့် လမ်းတစ်ခုကို တွေ့ လိုက်ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ထိုဆိုင်းဘုတ်ကိုတွေ့မှပဲ ဆက်စပ်တွေးမိသွားသည်။

ပုံထဲက ဆိုင်းဘုတ်က ယောကျ်ားတစ်ယောက် ခေါင်းပြတ်နေတဲ့ပုံ။

ယခုလမ်းမဘေးမှာ ရှိတဲ့ပုံက အသည်းကွဲနေတဲ့ပုံ။ ဆက်စပ်မည်ဆိုပါက ဆက်စပ်လို့ရသည်။

ဒီလမ်းထဲမှာ တစ်ခုခုတော့ ရှိရမည်။ **Shopping Mall** သွားရာလမ်းနှင့် ဆက်စပ်နေလိမ့်မည်ဟု တွေးမိလိုက်သည်။

ထို့ကြောင့် ရေဗူးကိုကိုင်ရင်း ဘူတာရုံဘေးရှိ လမ်းထဲသို့ ဝင်လိုက်သည်။ အိမ်ခြေသိပ်မတွေ့ရဘဲ သစ်ပင်နှင့် ချုံပုတ်များသာ တွေ့ရသည်။

အိမ်ခြေကျဲပါးပုံရပြီး တစ်ခါတစ်ရံမှသာ ကားတစ်စီးတလေ ဖြတ်သွားလေသည်။ ဖြတ်သွားဖြတ်သာ လူများကတော့ တစ်ယောက်စ နှစ်ယောက်စသာ တွေ့ရ၏။

ငါးမိနစ်ခန့် လမ်းဆက်လျှောက်ပြီးသော်လည်း ထူးခြား ချက်ဘာမှမတွေ့ရသောကြောင့် နားမလည်နိုင်ဘဲ ဖြစ်သွားရသည်။

ဘယ်ဆက်သွားလို့ ဆက်သွားရမှန်းမသိတော့။

ခေါင်းကုတ်လိုက်၏။

လက်ထဲက ရေမှာလည်း သောက်ရင်းသောက်ရင်းနဲ့ ကုန်သွားပြန်သည်။ မောလာ၏။

ရေလည်း ထပ်ဆာလာပြန်သည်။

www.burmeseclassic.com

ဤတွင် ရှေ့မလှမ်းမကမ်းတွင် စတိုးဆိုင်တစ်ဆိုင်ကို တွေ့ရသောကြောင့် ဝမ်းသာအားရ ဖြစ်သွားကာ ရေဝယ်ရန်အတွက် ရှေ့ဆက်လျှောက်လိုက်သည်။

ပြီးနောက် လူပြတ်သောလမ်းတွင် ဖွင့်ထားသောကြောင့် တစ်ခုခုထူးခြားလိမ့်မည်ဟုလည်း တွေးမိ၏။

ခြေလှမ်းတို့သည် အရင်ကထက် ပိုသွက်လာပြီဖြစ်သည်။ ထိုဆိုင်ထဲတွင် သူလိုချင်သောအရာတစ်ခုခုတော့ ရှိရမည်။

■



www.burmeseclassic.com

(၄၅)

Store ဆိုင်ရှေ့ရောက်သောအခါတွင် သူထင်ထားသလို ထူးခြားမနေဘဲ သာမန်ရိုးရိုး စတိုးဆိုင်လေးတစ်ခုဖြစ်နေသည်။ ဦးလေးကြီးတစ်ယောက် ဆိုင်ထိုင်နေတာကို တွေ့ရသည်။

"ဦး. . . ရေသန့်ဗူးရှိလား"

"ရှိတယ်သား၊ ဘယ်နှဗူးယူမလဲ"

"တစ်ဗူးတည်းပါ"

ဦးလေးကြီးက ရေသန့်ဗူးတစ်ဗူး ထုတ်ပေးသည်။

ရေဗူးကို ချက်ချင်းဖွင့်ပြီး သောက်လိုက်ကာ ကျသင့်ငွေ တိုရှင်းပေးလိုက်သည်။ ဆိုင်ကို တစ်ချက်ကြည့်လိုက်၏။

ထူးခြားချက် ရှိလိုရှိငြား ရှာကြည့်ခြင်း ဖြစ်သည်။ မတွေ့ရသောကြောင့် ဆိုင်ထဲက ထွက်မလို့ပြင်စဉ်တွင် တစ်ခုသတိရသွားသောကြောင့်-

www.burmeseclassic.com

www.burmeseclassic.com


"ဦး ဟိုဆိုင်းဘုတ်ကြီးက ဘယ်လိုဖြစ်တာလဲ"

အသည်းကွဲနေတဲ့ပုံ ဆိုင်းဘုတ်ကို ဦးတည်ပြီး မေးလိုက် သည်။

"သြော်. . . အရင်တုန်းက ဒီနားမှာ လျှပ်စစ်ကြိုးတွေ ရှုပ်နေတာကို သတိပေးတဲ့ ဆိုင်းဘုတ်ပါ။ အခုတော့ ကြိုးတွေလည်း မရှိတော့တဲ့အတွက် ဘယ်သူက ပြင်သွားလဲ မသိဘူး။ အဲဒီလို ဖြစ်သွားတာပဲ"

ဦးလေးကြီးပြောမှပဲ အသည်းကွဲနေတဲ့ကြားက ပုံမှာ လျှပ်စစ်ပုံ (ϟ)နဲ့တူနေတာကို သတိထားမိလိုက်သည်။

"သြော်. . . ဒါနဲ့ဦး လူတစ်ယောက် ခေါင်းပြတ်နေတဲ့ပုံ ဆိုင်းဘုတ်များ ဒီနားမှာ မရှိဘူးလား"

"ဘယ်လို. . ."

ဦးလေးကြီးက သူ့ကို မျက်မှောက်ကြုတ်ပြီး မေးသည်။

သူလည်း သူ့စကား မှားသွားကြောင်းသိလိုက်သော ကြောင့် အိမ်တွင် ညက ချဆွဲထားသောပုံကို ထုတ်ပြလိုက် သည်။

ရထားတစ်စင်း၊ လူတစ်ယောက် ခေါင်းပြတ်နေပုံ ဆိုင်းဘုတ်။

ဦးလေးကြီးက ပုံကိုယူကြည့်ပြီးနောက်-

"ခုနက အသည်းပုံနား ခပ်ကျော်ကျော်လေးမှာ ရထား ဖြတ်တဲ့ လှိုဏ်ခေါင်းရှိတယ်။ အပေါ်ကတော့ တံတားပေါ့ကွာ။ နှစ်ခုလုံး အသုံးမပြုတော့ပါဘူး၊ ကြာပါပြီ။ အဲဒီမှာတော့ ဒီလို ဆိုင်းဘုတ် ရှိတယ်။ ခေါင်းမပြုနဲ့ လှိုဏ်ခေါင်းနဲ့ တိုက်မိရင်



ခေါင်းပြတ်သွား နိုင်တယ်လို့ သတိပေးထားတဲ့ ဆိုင်းဘုတ်ပါ"

"အခု ရထား အသုံးပြုနေတဲ့ ရထားလမ်းလား"

"မဟုတ်ဘူး၊ အရင်တုန်းကသုံးတဲ့ ရထားလမ်းပါ။ အခု သွားနေတဲ့ရထားလမ်းက အသစ်လေ"

"သြော်. . . ကျေးဇူးပဲ ဦး"

စတိုးဆိုင်ထဲမှ ပြန်ထွက်ကာ အသည်းကွဲပုံ ဆိုင်းဘုတ်ရှိသော နေရာသို့ ပြန်လျှောက်လာခဲ့၏။

ထိုနေရာသို့ ရောက်သောအခါတွင် ဖြတ်သွားတုန်းက သတိ မမူမိခဲ့သော သံလမ်းအဟောင်းလေးကို တွေ့လိုက်ရသည်။

ဒီလမ်းကနေ Shopping Mall ကို သွားတယ်ဆိုတာ မဖြစ်နိုင် ဘူးထင်တယ်။ ခဏရပ်ကြည့်နေမိသေးသည်။

ထို့နောက် ရောက်တော့မှ မထူးပါဘူး. . . မဟုတ်ရင် ပြန် လှည့်ခဲ့မယ်ဟုတွေးကာ ရလားလမ်းဟောင်းအတိုင်း လျှောက် လာခဲ့၏။

မကြာခင်အချိန်တွင် အသုံးမပြုသော ရထားလှိုဏ်ခေါင်း တိုကလေးတစ်ခုကို တွေ့လိုက်ရပြီး ထိုဘေးနားတွင် အမျိုးအမည် မသိသော တံခါးကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




လှိုဏ်ခေါင်းတိုနံရံတွင် Store ဆိုင်က ဦးလေးကြီး ပြောလိုက်သည့်အတိုင်း ခေါင်းပြတ်နေသည့် လူပုံကိုတွေ့ရသည်။

ထို့ပြင် ထိုဘေးနားက တံခါးပေါက်နားကိုလည်း တိုးကပ်သွားလိုက်ပြီး သေချာကြည့်မိလိုက်သည်။

"ဟာ. . . သေချာပြီ"

အောက်ပါပုံကို တွေ့လိုက်ရသောကြောင့် နှုတ်မှ အံ့ဩ ပြီး အလိုအလျှောက် ရေရွတ်မိလိုက်သည်။



တံခါးကိုဆွဲဖွင့်လိုက်ရာ အလွယ်တကူ ပွင့်သွားပြီး အထဲက မြင်ကွင်းကြောင့် လွန်စွာ အံ့ဩသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်ခေါင်းရှည်ကြီးတစ်ခု။

အပြင်ကပုံစံနှင့် တခြားစီဖြစ်ပြီး သပ်ရပ်ရှည်လျားသော လှိုင်ခေါင်းအရှည်ကြီးဖြစ်နေသည်ကို တွေ့ရသည်။

မိုးတိမ်မှာ စိတ်ဝင်စားလာပြီး လှိုဏ်ခေါင်းထဲသို့ ဝင်လိုက်သည်။ ဘယ်ကို ဖောက်ထားတာလဲ။

Shopping Mall ထဲကိုလား။

လှိုဏ်ခေါင်းကိုကြည့်ခြင်းအားဖြင့် အသုံးမပြုသော လှိုဏ်ခေါင်းရှည်ကို ပြန်လည်ပြုပြင်ထားခြင်း ဖြစ်ပုံရသည်။

ထပ်မံဖောက်ထားပုံလည်း ရ၏။

စိတ်လှုပ်ရှားမှု အပြည့်ဖြင့် လှိုဏ်ခေါင်းအတိုင်း ဆက်လျှောက်နေလိုက်သည်။ လှိုဏ်ခေါင်းပတ်ပတ်လည်မှာလည်း အမျိုးသမီးပုံများ၊ ယဉ်ကျေးမှုများ၊ အဝတ်အစားပုံစံများအား ပန်းချီများဖြင့်၊ ခေတ်ပုံများဖြင့် ချိတ်ဆွဲခြယ်မှုန်းထားတာကို တွေ့ရသည်။ မီးလုံးအချို့ကိုလည်း တွေ့ရသောကြောင့် ထိုနေ့ညတွင် မီးထွန်းထားလိမ့်မည်ဟု တွေးမိသည်။

မိုးတိမ်မှာ အံ့သြပြီးရင်း အံ့သြနေမိသည်။

သူတို့တွေ ကြီးကြီးကျယ်ကျယ် လုပ်ထားကြတာပဲ။

တစ်ဦးတစ်ယောက်မှ မရိပ်မိသောနေရာတွင် Shopping Mall ထဲသို့ ဝင်လမ်းတစ်ခု လုပ်ထား၏။

အစောင့်မရှိ။ အထာသိသူသာ လာလို့ရသည့်လမ်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူရောက်နေသည့်အချိန်မှာလည်း နေ့ခင်းပိုင်းဖြစ်သော ကြောင့် မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရချေ။

အကယ်၍ ပွဲတော်ညပိုင်းဖြစ်ပါက. . .

အမျိုးသမီးတော်တော်များများ ဖြတ်သွားနေတာကို တွေ့ရပေလိမ့်မည်။

အရှေ့တွင် လှိုဏ်ခေါင်းမှာ ဂိတ်ဆုံးသွားပြီး အပေါ်တက်ရန်အတွက် လှေကားတစ်ခုကို တွေ့လိုက်ရသည်။

လှေကားအောက်ကနေ အပေါ်ကို မော့ကြည့်လိုက်သော အခါ အဖုံးတစ်ခုကို တွေ့ရသည်။

သူဘယ်နေရာကို ရောက်နေတာပါလိမ့်ဆိုပြီး သိချင်ဇော ဖြင့် လှေကားပေါ် တက်ကာ အပေါ်အဖုံးကို ဖွင့်လိုက်၏။

သံနှင့်လုပ်ထားသော အဖုံးဖြစ်သောကြောင့် အနည်းငယ် လေးပြီး တော်တော်လေး မယူပြီး ဖွင့်ရသည်။

အပေါက်တစ်ပေါက်ဖြစ်သွားပြီး အပေါ်ကိုတက်လို့ရသော ကြောင့် ခေါင်းပြူပြီး ထွက်ကြည့်လိုက်သည်။

"ဟာ. . ."

ကားပါကင်။

Shopping Mall ရှိ ကားပါကင်ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့သြခြင်း၊ စိတ်ကူးယဉ်ဆန်စွာ ပြုလုပ်ထားခြင်း၊ အမျိုးသမီးများ၏ ပြင်းထန်သော အာဃာတများကို တွေ့လိုက်ရခြင်းတို့ကြောင့် မိုးတိမ်မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူတို့သည် အကြိမ်ပေါင်းများစွာ ဒီလမ်းထဲကနေ Shopping Mall ထဲကို ဝင်ခဲ့ကြသည်။

ယောက်ျားပေါင်းများစွာကို ရွေးချယ်ဝယ်ယူခဲ့ကြသည်။ ရင်ထဲမှာ မောပန်းနွမ်းနယ်သွားပြီး ရေအနည်းငယ်မော့သောက်လိုက်သည်။ ညဘက်ကျရင် ဒီလမ်းကနေ နောက်တစ်ခေါက် ထပ်လာပြီး Shopping Mall ထဲကိုဝင်ကာ. . . မတွေးမဆုံးခင်မှာပင် သူ့ဘောင်းဘီအိတ်ထဲရှိ ဖုန်းမြည်သံကို ကြားလိုက်ရ၏။

ဖုန်းကို အလျင်အမြန်ထုတ်ပြီး ကြည့်လိုက်သည်။

"ဟင်. . . ပင်စိမ်းချို ဖုန်းဆက်တာပါလား"

■

www.burmeseclassic.com

www.burmeseclassic.com



(၄၆)

ပင်စိမ်းချိုသည် ဆိုင်ထဲတွင်ထိုင်နေရင်း ဂဏှာမငြိမ် ဖြစ်နေသည်။ ဝင်ပေါက်ကို မကြာခဏလှမ်းကြည့်ရင်း စိတ်လှုပ်ရှားနေမိသည်။

သူမ ယခုရွေးချယ်လိုက်သောလမ်းသည် သူမရော၊ မိုးတိမ်အတွက်ပါ ကောင်းသည့်လမ်းဖြစ်သည်ဟု ယုံကြည်မိသည်။

အိတ်ထဲက ပုလင်းလေးနှစ်ခုကို လက်နဲ့မကြာခဏ စမ်းကြည့်မိသည်။

ထိုစဉ် ဆိုင်ထဲသို့ အလောတကြီးဝင်လာသော မိုးတိမ်ကို တွေ့လိုက်ရသည်။ သူမက လက်လှမ်းပြလိုက်သောကြောင့် မိုးတိမ်က သူမကိုမြင်သွားပြီး သူမရှိရာဝိုင်းသို့ လျှောက်လာခဲ့၏။

သူမယူထားသောနေရာသည် ထောင့်ကျပြီး သီးသန့်ဆန်သောကြောင့် မိုးတိမ်မှာ အခြားဝိုင်းများကို ကွေ့ဝှိုက်ပြီးမှ ရောက်



လာခဲ့သည်။

"ကြာပြီလား"

သူမက ခေါင်းခါပြလိုက်သည်။

အခုမှ စကားပြောဖူးသော်လည်း အရမ်းရင်းနှီးသော လူတစ်ယောက်လို ခံစားလိုက်ရသည်။

ဝိတ်တာလေး ရောက်လာသည်။

"ဘာမှာဦးမလဲ"

"လိမ္မော်ရည်တစ်ခွက်ပေးပါ"

ဝိတ်တာ ပြန်ထွက်ပြီးနောက် နှစ်ဦးသား ဘာပြောရမှန်းမသိဘဲ ငြိမ်သက်သွားသည်။

"ကျွန်မ အခက်အခဲကြောင့် ရှင့်ကို အရင်က မကူညီနိုင်တာ ခွင့်လွှတ်ပါ"

"ရပါတယ်၊ အခုရော ကူညီလို့ရပြီလား"

မိုးတိမ်၏ပုံစံမှာ စိတ်မောလူမော ဖြစ်နေပုံရသည်။

ခဏအကြာတွင် ဝိတ်တာလေးက လိမ္မော်ရည်ခွက် လာချပေးပြီးနောက် မိုးတိမ်ကပဲ စကားစပြောသည်။

"ကျွန်တော် ပင်စိမ်းချိုရဲ့စာရတယ်။ ပြီးတော့ Shopping Mall ထဲ ဘယ်လိုဝင်ရမလဲဆိုတာပါ သိခဲ့ပြီ"

သူမ ရင်ထိတ်သွားသည်။ သို့သော် မျက်နှာမှာ ထိုရင်ထိတ်မှုမပေါ်အောင် ထိန်းချုပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူ့အလိုလို ပြီးသွားပါလိမ့်မည်။

"ရှင် ကျွန်မကို ဘာမှမထင်တော့ဘူးလား"

သူမက မေးခွန်းတစ်ခု စမေးလိုက်သည်။

"အာ. . . ဘာထင်စရာရှိလဲ။ ပင်စိမ်းချိုက သူတို့ဆီက ဝန်ထမ်းဖြစ်လိမ့်မယ်လို့ ကျွန်တော်က တွက်ထားတာ"

သူမ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

ထို့နောက် သူက စားပွဲပေါ်ရှိ ရေတစ်ခွက်ကို မော့သောက်လိုက်ရင်းမှ တစ်စုံတစ်ခုကို သတိရသွားပြီး အထိတ်တလန့်ဖြစ်သွားကာ-

"နေ. . . နေပါပြီး၊ ကျွန်တော်က တကယ်ပဲ အဲဒီနေ့က. . ."

"ဟုတ်ပါတယ်၊ အဲဒီညက ရေဗူးထဲမှာ ပါပါတယ်"

မိုးတိမ် မျက်နှာမှာ ထိတ်လန့်သည့်အရိပ်အယောင်များ ဖြတ်သန်းသွား၏။

"ဒါဆို ကျွန်တော်က ဆေးရမှ ဖြစ်မှာပေါ့"

သူမ ခေါင်းညိတ်ပြလိုက်သည်။

"ကူညီပါဦးဗျာ။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ဒီည Shopping Mall ထဲဝင်ပြီး ယူရမယ်ထင်တယ်"

"မလွယ်ဘူးထင်တယ်"

"ပင်စိမ်းချိုရှိနေတာပဲ။ ကျွန်တော့်ကို ကူညီပေါ့"



သူကတော့ အသေအချာ ပြောနေလေသည်။

သူမဘက်က ဘာမှပြန်မပြောသောကြောင့် မိုးတိမ်လည်း ဆက်ပြီး မပြောတော့ဘဲ မေးခွန်းတစ်ခု ထပ်မေးလေသည်။

"ဒါနဲ့ သူတို့က ဘာဖြစ်လို့ အဲဒီလို လုပ်ကြတာလဲ၊ ဘာအဓိပ္ပာယ်နဲ့ ယောကျ်ားတွေကို သတ်နေရတာလဲ၊ အဲဒီပွဲအကြောင်းလေးတော့ ပြောလို့ရမလား"

သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်-

"အဲဒီပွဲကို အမျိုးသမီးသုံးဦးက စီစဉ်တာပါ။ သူတို့က ချမ်းသာကြတယ်။ ပြီးတော့ သူတို့သုံးယောက်ထဲက တစ်ယောက်က အဲဒီ Shopping Mall ပိုင်ရှင်သမီးပါ"

မိုးတိမ်က သူမကိုကြည့်ကာ ငြိမ်ပြီးနားထောင်နေသည်။

"သူတို့ငယ်ငယ်က သူတို့ ရည်းစားတွေဟာ သူတို့ရဲ့ အပျိုစင်ဘဝကိုယူပြီး တာဝန်မဲ့ခဲ့တဲ့အတွက် စိတ်အနာကြီး နာနေတဲ့သူတွေပေါ့"

"ဟင်. . ."

"အဲဒါနဲ့ သူတို့တွေက စိတ်နာပြီး သူတို့လိုဘဝတူတွေ အများကြီးကို တွေ့လာရတဲ့အခါမှာ ပိုပြီးနာကြည်းသွားခဲ့ကြတယ်"

မိုးတိမ်မှာ စိတ်မကောင်းဖြစ်သွားလေသည်။

"ဒါပေမယ့်ဗျာ၊ ကောင်းတဲ့သူတွေလည်း ရှိပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူတို့ကလည်း အဲဒါကို လက်ခံပါတယ်၊ ဒါပေမယ့် သူတို့တန်ဖိုးထားတဲ့ဘဝကို နင်းချေသွားတဲ့လူတွေလိုမျိုး ယောက်ျားတွေကို လက်စားချေလိုတဲ့စိတ်တစ်ခုတည်းနဲ့ ဒီလို လုပ်ခဲ့ကြတာပါ. . .

အဲဒီလိုမျိုး အမျိုးသမီးတွေ ဖျက်ဆီးပြီး တာဝန်မယူတဲ့ လူတွေကို ရှင်တွေ့ခဲ့တဲ့ညတွေလိုမျိုးမှာ ချရောင်းခဲ့ပါတယ်။ ဒါကို အခြားဘဝတူတွေက ပိုက်ဆံနဲ့ဝယ်ပြီး သတ်ပေးဖို့ ဝယ်ယူရပါတယ်။ ပိုက်ဆံလည်းရ၊ လက်စားချေ လို့ရတဲ့ လုပ်ငန်းတစ်ခုပါပဲ"

". . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"ပထမတော့ သိတဲ့လူနည်းစုသာ ထိုပွဲလေးကို လုပ်ခဲ့ကြပြီး နောက်မှ တဖြည်းဖြည်းချင်း ဘဝတူမိန်းကလေးတွေ ကြားထဲ ပျံ့သွားတာပါ"

"ယောက်ျားလေးတွေဆီကို သတင်းက မပေါက်ကြားဖူးလား"

"ပါဝင်တဲ့လူတွေရဲ့ List စာရင်းတွေ အကုန်ရှိတဲ့အတွက် ပေါက်ကြားရင် သူတို့လည်း ပါနိုင်တယ်လေ။ ဒီတော့ မပြောဖြစ်ကြပါဘူး"

"သတ်ပေးတော့ရော"

"ပြောရရင်တော့ အပြစ်တွေကိုလိုက်ပြီး ဓာတ်ပုံတွေနဲ့ ဆိုင်သဘောမျိုး ဖွင့်လှစ်တယ်။ အဲဒါကို အမျိုးသမီးတွေက ဈေးဝယ်ထွက်သလို သတ်ပေးဖို့ လိုက်ဝယ်တာပါ။ သတ်တာကတော့



လူမသိအောင် ရှင့်ကိုတိုက်တဲ့ အဆိပ်ပဲကျွေးပါတယ်"

"အို. . ."

ရက်စက်သောလုပ်ရပ်တစ်ခုပင် ဖြစ်သည်။

"ဒါ. . . ဒါဆို ပင်စိမ်းချိုရော. . . အဲဒီလို. . ."

"ကျွန်မကတော့ သူတို့သုံးယောက်ခိုင်းတဲ့အလုပ်ပဲ လုပ်ပေးရပါတယ်။ ဘာမှမလုပ်ရပါဘူး"

မိုးတိမ်မှာ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်-

"ဘာပဲပြောပြော၊ အဲဒီလိုလုပ်တာတော့ မကောင်းပါဘူးဗျာ၊ သူ့ထိုက်နဲ့သူ့ကံ သွားပါလိမ့်မပေါ့"

သူမကတော့ ဘာမှမှတ်ချက်ဝင်မပေးဘဲ အိတ်ထဲက ပုလင်းနှစ်လုံးကိုသာ စမ်းနေလိုက်သည်။

"ကျွန်တော့်ကို. . . ကျွန်တော့်ကိုရော ဘာဖြစ်လို့ အဲဒီအကြောင်းတွေ ပြောပြနေရတာလဲ ဟင်။ အခုလိုပြောပြလို့ ပင်စိမ်းချိုအတွက် အန္တရာယ်မရှိဘူးလား"

သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ဘေးရှိရေကိုလည်း မော့သောက်လိုက်၏။

"ကျွန်မ ရှင့်ကို မသေစေချင်လို့ပါ"

မိုးတိမ်ပါးစပ်အဟောင်းသား ဖြစ်သွားတာကို တွေ့ရ သည်။ သူမရင်ထဲမှာလည်း ထိုစကားကို ပြောလိုက်ရ၍ ပေါ့သွားသလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ဒါဆို ဒီနေ့ညကျရင် ကျွန်တော့်ကို ကူညီမယ် မှတ်လား"

"ကျွန်မ ခဏစဉ်းစားလိုက်ပါဦးမယ်"

"အခုလား"

"အင်း"

မိုးတိမ် ဂဏှာမငြိမ်ဖြစ်လာတာကို တွေ့ရသည်။

ရေများများသောက်သောကြောင့် အပေါ့သွားချင်လာခြင်း ဖြစ်သည်။

"ခဏနော်"

မိုးတိမ်က သူမကို ခွင့်တောင်းပြီး အိမ်သာရှိရာဘက်သို့ ထွက်သွားလေ၏။

သူထွက်သွားပြီး ခဏအကြာတွင် သူမလက်ထဲရှိ ပုလင်းတစ်လုံးထဲမှ အရာများကို ရေထဲကိုထည့်ပြီးနောက် ကျန်ပုလင်းထဲရှိ အရာများကို လိမ္မော်ရည်ထဲသို့ ထည့်လိုက်၏။

ခဏနေသောအခါတွင် မိုးတိမ်မှာ ပြန်ရောက်လာပြီး စားပွဲပေါ်ကရေကို သောက်ပြန်၏။

"စဉ်းစားလို့ ရပြီလား"

"ရပြီ"

"ကူ. . . ကူညီမယ်မှတ်လား"

တိုးလျှိုးတောင်းပန်နေသည့်အသံကြောင့် စိတ်မကောင်းဖြစ်သွားသည်။

ရေထပ်သောက်ချင်နေပုံရသည်။

ရေဗူးထဲကရေကို လှမ်းကြည့်လိုက်ရာ ရေမရှိတော့သောကြောင့် လိမ္မော်ရည်လက်ကျန်ကို တစ်ကျိုက်တည်း မော့ချလိုက်လေသည်။

"ဟင်. . . ပင်. . . စိမ်း. . . ချို"

သူမကို တစ်ချက်ကြည့်နေသေးသည်။ ထို့နောက်မှ-

အာမေဋိတ်သံတစ်ချက်ထွက်သွားပြီး စားပွဲပေါ်သို့ မှောက်ကျသွားလေတော့၏။

သူမမျက်ဝန်းမှ မျက်ရည်များ တဖြည်းဖြည်း စီးကျလာသည်။ ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းနှင့် တစ်စုံတစ်ခုကို စွန့်လွှတ်လိုက်ရသလိုမျိုး စသည့် စိတ်ခံစားမှုများက ရောထွေးနေသည်။

"ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မမှာ ရွေးချယ်စရာလမ်း မရှိတော့လို့ပါ"

မျက်ဝန်းက မျက်ရည်များကို အထပ်ထပ်အခါခါ သုတ်နေမိသော်လည်း စီးကျနေဆဲပဲ ဖြစ်သည်။

ထိုစဉ် ဆိုင်တံခါးမှ ခပ်ထွားထွား အမျိုးသမီးနှစ်ဦး ဝင်လာတာကို တွေ့ရ၏။ ပြီးနောက် မိုးတိမ်ကို နေမကောင်းသောကြောင့် အရေးတကြီးလူနာပုံစံဖြင့် အပြင်ကို တွဲခေါ်သွားကြလေသည်။

သူမကတော့ ထိုင်ခုံပေါ်မှာ ထိုင်ကျန်နေဆဲပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွဲလောင်းကျပြီး လိုက်ပါသွားသော မိုးတိမ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။

ကျွန်မကို ခွင့်လွှတ်ပါ။

■



(၄၇)

"တီ. . . တီ. . . တီ. . . တီ. . ."

နှိုးစက်သံကြောင့် အိမ်ရာပေါ်မှ မထချင်သေးဘဲ ပေပြီးအိပ်နေလိုက်သည်။

"တီ. . . တီ. . . တီ. . . တီ. . ."

မျက်နှာကို ခေါင်းအုံးမှာအပ်ထားရင်း နှိုးစက်ရှိရာနေရာသို့ လက်ကိုလှမ်းလိုက်သည်။

နှိုးစက်ကို မတွေ့ရသောကြောင့် ဘေးဘက်ကို လှော်စမ်းကြည့်သည်။

နှိုးစက်ကို မတွေ့ရချေ။

ထို့ကြောင့် မျက်နှာကို ခေါင်းအုံးမှခွာပြီး အိပ်မှုန်စုံမွှားနှင့် ထကြည့်ရသည်။

နှိုးစက်နာရီက သူထားနေသည့်နေရာမှာ မဟုတ်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အဝေးကို ရောက်နေသည်။ သူ့အမေ ရွှေ့ထားခဲ့ပုံရသည်။

မခံမရပ်နိုင်အောင် တတီတီအော်နေသော နှိုးစက်ကို ပိတ်ရန်အတွက် အိပ်ရာပေါ်မှ မထချင်ဘဲ ထကာ ပိတ်လိုက်ရသည်။

ပြီးနောက် ပြန်အိပ်ဖို့ပြင်စဉ် နှိုးစက်ဘေးတွင် တင်ထားသော စာတစ်စောင်ကို တွေ့ရလေသည်။

သား. . .

အဖေနဲ့အမေ မနက်ငါးနာရီကားနဲ့ ခရီးသွားပြီ။ သား အိပ်ရေးပျက်မှာစိုးလို့ မနှိုးဘဲ စာရေးထားခဲ့တယ်။ အမေတို့ အချိန်မရလို့ အိမ်မှာ ဘာမှ မဝယ်ထားခဲ့ရဘူး။ Shopping ထွက်ပြီး အိမ်ကလိုတဲ့ပစ္စည်းတွေ ဝယ်ထားလိုက်ပါ။ သားအံဆွဲထဲမှာ ပိုက်ဆံ ထားခဲ့တယ်။ အမေတို့ ငါးရက်လောက်ကြာမယ်။

မေမေ

ညကတည်းက ဒီမနက် ခရီးသွားမယ်ပြောထားတာကို အခုမှပဲ သတိရသည်။ စိတ်ထဲမှာ ချက်ချင်းပဲ လန်းသွားပြီး 'ဟေး. . .' ဟု အော်မိသည်။

အိပ်ချင်စိတ်ပင်ပျောက်သွားပြီး အောက်ထပ်ကို ပြေးဆင်းလိုက်သည်။ အဖေနှင့်အမေက မကြာခဏဆိုသလို ခရီးထွက်



တတ်သောကြောင့် ဒီအချိန်တွေက သူ့အတွက် လွတ်လပ်ချိန် တွေ ဖြစ်နေတတ်သည်။

အဖေ၊ အမေနှင့် သူအပါအဝင် သုံးယောက်ပဲရှိသောကြောင့် အဖေ၊ အမေ မရှိသောအခါ အိမ်က တိတ်ဆိတ်နေသည်။

ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်၏။

စားစရာများ အပြည့်ထည့်ထားသည်ကို တွေ့ရသည်။

"အမေ ပြောတော့ တစ်ခုမှ မရှိဘူးဆိုပြီး၊ အေးလေ. . . ထပ်ဝယ်ခိုင်းထားတာ ဖြစ်မှာပေါ့"

ဗျစ်တောက်ဗျစ်တောက်လုပ်ကာ ရေတစ်ဗူးယူပြီး မော့သောက်လိုက်သည်။

ထို့နောက် မျက်နှာသစ်၊ သွားတိုက်ရန် သတိရပြီး အပေါ်ထပ် အိပ်ခန်းထဲကိုသွားပြီး ခပ်မြန်မြန် လုပ်ရသည်။

ရေချိုးခန်းထဲကထွက်တော့ အမေက ပိုက်ဆံထည့်ပေး ထားသည်ဆိုတဲ့ အံဆွဲကိုဖွင့်ကာ ပိုက်ဆံကို စစ်ကြည့်လိုက် သည်။

"ဟာ. . . ပိုက်ဆံလည်း မရှိပါလား"

ထောင့်တွေမှာများ ကပ်နေလားဆိုပြီး ရှာကြည့်သည်။ မတွေ့။

ထို့ကြောင့် စားပွဲပေါ်တွင်ရှိသော သူ့ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သည်။

"အိတ်ထဲမှာ ပိုက်ဆံနည်းနည်းရှိသေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်-

အိမ်အောက်ထပ်မှ တံခါးဘဲလ် မြည်သံကြားလိုက်ရ၏။

"ဘယ်သူတွေပါလိမ့်"

အောက်ထပ်ကို ပြေးဆင်းသွားပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်. . . အမေတို့ပါလား၊ ဘာလဲ ခရီးမသွားဖြစ်လို့ ပြန်လာတာလား"

"ဟဲ့. . . ဘယ်လိုဖြစ်နေတာလဲ၊ ခရီးသွားပြီးလို့ ပြန်လာတာလေ။ ဖွင့်. . . တံခါးကို မြန်မြန်ဖွင့်စမ်းပါ၊ ဒီမှာ အိမ်သာ တက်ချင်နေပြီ"

မိုးတိမ်မှာ တံခါးကို အူကြောင်ကြောင်နှင့် ဖွင့်ပေးလိုက်ရလေသည်။ ပြီးနောက် ခေါင်းကိုကုတ်ရင်း အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။

■



(၄၈)

လေဆိပ်ရှိ သီးသန့်ခန်းတစ်ခုတွင် အမျိုးသမီးငယ် တစ်ယောက်သည် သူ့ရှေ့တွင်ရှိသော လူမမာ အမေအိုကြီးကိုကြည့်ကာ မျက်ရည်များ ဝဲနေလေ၏။

ပိုက်များတန်းလန်းနှင့် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသော သူ့အမေကိုကြည့်ရင်း တရှုံ့ရှုံ့ငိုနေလေသည်။

"လူနာရှင်ရဲ့သမီး ပင်စိမ်းချိုလား"

"ဟုတ်ပါတယ်ရှင်"

"နိုင်ငံခြားဆေးရုံက လွှတ်လိုက်တဲ့လေယာဉ် ရောက်ပါပြီ"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

အမျိုးသမီးငယ်သည် ပျာယာခတ်သွားလေ၏။

ခဏအကြာတွင် အခန်းထဲသို့ ဆရာဝန်နှစ်ယောက် ဝင်လာပြီး တွန်းလှည်းပေါ် အမေအိုကြီးကိုတင်၍ တွန်းယူသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတွင်နှင်းလှည်းဘေးကနေ အမျိုးသမီးငယ်ကလည်း လိုက်ပါသွားလေ၏။

■



တစ်လနှင့် သုံးရက်ခန့်ကြာသောအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



(၄၉)

ရုံးသွားရုံးလာချိန်ဖြစ်သောကြောင့် လမ်းမပေါ်တွင် လူအများသည် အိတ်ကိုယ်စီ၊ ဆွဲခြင်းကိုယ်စီနဲ့ ဆိုင်ရာအလုပ် များမီအောင် အလျင်စလို သွားနေကြ၏။

တချို့က လမ်းသွားရင်း ဖုန်းပြောနေကြသည်။

တချို့ကတော့ လက်ထဲကဖိုင်များကို ပြန်စစ်ရင်း လမ်းလျှောက်နေကြလေသည်။

ဂျာနယ်အရောင်းသမားလေး၏ စူးစူးရှရှအော်သံကြောင့် တချို့က ဂျာနယ်ဝယ်ရန် သတိရသွားကြပြီး အလုအယက် ဝယ်ယူကြသည်။

သူမသည်လည်း ရှေ့ကလာနေသောလူများကို ရှောင်တိမ်းရင်း ဒီနေ့လုပ်ရမည့်အလုပ်များကို တွေးတောကာ လမ်းလျှောက်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှ လူများသလိုပဲဟု ထင်မိရင်း အရှေ့က လူ တစ်ယောက်ကို ရှောင်လိုက်၏။

ထိုသို့ ရှောင်လိုက်မှပဲ တစ်ဖက်က မျက်နှာချင်းဆိုင် လျှောက်လာသော လူတစ်ယောက်ကို သွားတိုက်မိ၏။

"အင့်"

အရှိန်ပြင်းသောကြောင့် နာသွားပြီး ပခုံးကို ဖိထားလိုက်ရသည်။

"ဆောရီး ဆောရီးပဲဗျာ၊ လူတွေများတော့ မတွေ့မိလို့ပါ"

"ရပါတယ်၊ ကျွန်မကက ဟိုဘက်ကလူကို ရှောင်လိုက် ရင်း ရှင်နဲ့ ထိသွားတာပါ"

ပခုံးကိုပွတ်နေရင်းမှ ထိုလူကို တစ်ချက်ကြည့်လိုက်မိ သည်။

"ဟင်. . ."

သူမ မျက်နှာတစ်ချက်ပျက်သွားပြီး ရုတ်တရက် ခေါင်းငုံ့လိုက်မိသည်။

"ရရော ရရဲ့လား။ ဘယ်နား နာသွားလဲ"

"ရတယ် မနာပါဘူး"

သူမလည်း ထိုလူရှေ့မှ အလျင်စလို ထွက်လာခဲ့သည်။

ထိုသူကလည်း အူကြောင်ကြောင်ဖြစ်ပြီး သူ့လမ်း သူ ဆက်လျှောက်သွားလေသည်။

ခပ်လှမ်းလှမ်းရောက်သောအခါတွင် ခြေလှမ်းကိုရပ်လိုက်ပြီး



အနောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

လူအုပ်ကြားထဲမှာ ပျောက်ကွယ်သွားသောသူ့ကို မတွေ့ရတော့ချေ။

"သူ ငါ့ကို တကယ် မမှတ်မိတော့တာပဲ"

ရင်ထဲမှာတော့ နည်းနည်းနာကျင်သွားသည်။ အမျိုးအမည်မသိသော ခံစားမှုများ ပြန်လည်နိုးထလာ၏။ ထို့နောက် 'ကံပါရင်တော့ တွေ့ချင်ပါသေးတယ်'ဟု တိုးတိုးလေး ရေရွတ်ရင်း လှည့်ထွက်လာခဲ့လိုက်သည်။

ထို့ပြင် အိမ်မှာ အမှတ်တရသိမ်းထားသော ပုလင်းနှစ်လုံးကို သတိရလိုက်သည်။

တစ်လုံးမှာ မြေဆေးဆိုသည့် ဆေးကို ထည့်ဖူးပြီး နောက် တစ်လုံးတွင် (Few days memory lost) ဆိုသည့် ဆေးတစ်မျိုးကို ထည့်ဖူးသည့်ပုလင်းငယ်လေး ဖြစ်သည်။

■

www.burmeseclassic.com



(၅၀)

"ရရော ရရဲ့လား၊ ဘယ်နား နာသွားလဲ"

"ရတယ်၊ မနာပါဘူး"

ကောင်မလေးက မနာဘူးဘဲ အတင်းလုပ်နေသည်။

သူ့ပုံစံကြည့်ရတာ နည်းနည်းတော့ နာသွားပုံရသည်။ ထို့နောက် ကောင်မလေးက သူ့ကို ရုတ်တရက်ကြည့်လိုက်ပြီး ချက်ချင်း ဆိုသလို လှည့်ထွက်သွားလေ၏။

သူလည်း အူကြောင်ကြောင် ဖြစ်သွားပြီး ခဏအကြာတွင် သော်ဇင်နဲ့ ချိန်းထားသည့်နေရာသို့ ထွက်လာခဲ့၏။

သော်ဇင်က ဆိုင်မှာ ကြိုရောက်နေပြီ ဖြစ်သည်။

"ကြာလိုက်တာကွာ"

"ဟ. . . လူတွေရှုပ်နေလို့ မနည်းလာရတယ်"

အအေးတစ်ပုလင်း မှာလိုက်သည်။

BURMESE CLASSIC .com



"ငါ သင်းသင်းနဲ့ အဆက်ပြတ်သွားပြီကွ"

"ဟင်. . . မင်းက ဘယ်တုန်းက ကြိုက်လိုက်တာလဲ"

မေးပြီးမှ မှားမှန်းသိသောကြောင့် ပြန်ငြိမ်နေလိုက်ရသည်။ ထို့နောက် သော်ဇင်က သူ ကောင်မလေးတစ်ယောက် တွေ့ထားကြောင်း၊ အရမ်းလှကြောင်း၊ ကိုယ်လုံးကိုယ်ပေါက် စသည်ဖြင့် တရစပ် ပြောလေတော့သည်။

ဝိတ်တာက အအေးလာချ၏။

"ညီလေး ရေတစ်ဗူးပေးပါဦး"

သော်ဇင်က ဝိတ်တာလေးကို မှာလိုက်သည်။

"ဟကောင်၊ ရေတွေ သောက်လှချည်လား"

သူ့ရှေ့မှာလည်း ရေဗူးအလွတ်သုံးခုကို တွေ့သောကြောင့် မေးလိုက်ရခြင်း ဖြစ်ပါသည်။

"အေးကွာ၊ ဘာဖြစ်လို့လဲမသိဘူး၊ အခုတစ်လော ရေတွေ ချည်းပဲ ဆာနေတာ သုံးရက်ရှိပြီ၊ လုပ်၊ ညီလေး ရေတစ်ဗူး မြန်မြန် ပေးစမ်းပါ"

"အဲဒါနဲ့ ဆက်ပြောပါဦး၊ ကောင်မလေးက ဘာဖြစ်လဲ"

သော်ဇင်က သူ့ရဲ့ မရိုးနိုင်တဲ့ပုံပြင်များကို ဆက်ပြောလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



နောက်ငါးရက်ခန့် ကြာသောအခါ-

အောက်ပါ နာရေးကြော်ငြာရေးတစ်ခုကို သတင်းစာဖတ်သူတိုင်း တွေ့ရလေသည်။

> **မောင်သော်ဇင်**
>
> **အသက် (၂၅)နှစ်**
>
> -----မြို့၊ ----မြို့နယ်၊ ----လမ်း၊ အမှတ် (၇၆)နေ ဦးဝေယံ၊ မရိုရိုနိုင်တို့၏ သားကြီး၊ မောင်လတ်၏ အစ်ကိုသည် နံနက် ၈း၅၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသောကြောင့် ---ရက်၊ ---လ၊ ---ခုနှစ်တွင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ----နာရီတွင် ထွက်ပါမည်။)
>
> ကျန်ရစ်သူ မိသားစု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာကြွင်း

ကျွန်တော် ကျောင်းတက်နေစဉ်ကာလတုန်းက ခင်မင်ခဲ့ရသော အမျိုးသမီးတစ်စု၏ ဖြစ်ချင်သောစိတ်ကူးကို ပြန်လည် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

သည်ဝတ္ထုထဲတွင် အသုံးပြုသောအဆိပ်မှာ ဘရာဇီးနိုင်ငံရှိ အပင်တစ်မျိုးမှ ထုတ်ယူရရှိသော အဆိပ်တစ်မျိုး ဖြစ်ပါသည်။ ခန္ဓာကိုယ်တွင်း မည်သည့်သဲလွန်စမှ မကျန်ခဲ့သည့် အဆိပ်လည်း ဖြစ်ပါသည်။

ထို့ပြင် Few Days Memory Lost Medicine မှာလည်း ထိုနိုင်ငံရှိ ရိုးရာမေ့ဆေးတစ်မျိုးမှ Few Days Meomry Lost Medicine (ရက်အနည်းငယ် မှတ်ဉာဏ်မေ့ဆေး)အား စမ်းသပ်ထုတ်လုပ်ဖို့ ကြိုးစားနေကြသည်ဆိုသော ဖတ်ဖူးသည့် သတင်းတစ်ပုဒ်မှ Reference ယူထားခြင်း ဖြစ်ပါသည်။

အသေးစိတ်ရေးသားဖော်ပြချင်သော်လည်း မှတ်တမ်းမှတ်ရာများ ပြန်ရှာ၍မရပါသောကြောင့် ယေဘုယျသာ ထည့်သွင်းရေးသားနိုင်တာကို နားလည်ခွင့်လွှတ်ပေးပါ။

လေးစားစွာဖြင့်

www.burmeseclassic.com